# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် ‘ဒေါသ’ ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ–၂၂၁)


၁၃၈၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၂၇ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၃၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းရင်းသားအားလုံး စုပေါင်းဖွဲ့စည်းထားသည့် ပြည်ထောင်စုဖြစ်သည့်အတွက် မိမိတိုင်းရင်းသား၊ မိမိပြည်နယ်မှစ၍ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စဉ်းစား ဆောင်ရွက်ကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC)မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

နေပြည်တော် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC)မှ ဥက္ကဋ္ဌ စောထော့လေး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)


စာမျက်နှာ ၅ ကော်လံ ၁ ✪


## ယနေ့ ဖတ်စရာ


မွန်ပြည်သစ်ပါတီ(NMSP)ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ — ပြည်တွင်းသတင်း စာ – ၅

စစ်မီးငြိမ်းချိန် တန်ပါပြီ — ဆောင်းပါး စာ – ၁၀


## မော်စကိုနှင့် ရန်ကုန် ကုန်ပစ္စည်းသယ်ဆောင်သောလေကြောင်းလိုင်း နှစ်ကုန်ပိုင်းတွင် ပြေးဆွဲရန်ကြိုးပမ်းနေ

ရန်ကုန် မေ ၂၆

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပြီး နိုင်ငံကြီးတစ်နိုင်ငံနှင့် ကုန်စည်စီးဆင်းမှုဈေးကွက်တစ်ခု ဖော်ဆောင်နိုင်ရန် မော်စကိုနှင့် ရန်ကုန်မြို့သို့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်သော လေကြောင်းလိုင်း ယခုနှစ်ကုန်ပိုင်းတွင် ပြေးဆွဲနိုင်ရန် Myanmar Airways International( MAI)က ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် ဖက်ဒရယ်လေကြောင်းလိုင်း သယ်ယူပို့ဆောင်ရေး အေဂျင်စီအကြီးအကဲ Alexander Neradko တို့ တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းလိုင်းများ ပြေးဆွဲမှုနှင့်စပ်လျဉ်း၍ ရုရှားလေကြောင်းအာဏာပိုင်က ပြင်ဆင်ဆောင်ရွက်မှုနှင့် နှစ်နိုင်ငံအကြား လေကြောင်းပြေးဆွဲမှု ဈေးကွက်အတွင်းသို့ ရုရှားလေကြောင်းလိုင်းများ ပြေးဆွဲနိုင်ရန် ဖိတ်ခေါ်မှု အစီအစဉ်များကို


စာမျက်နှာ ၃ ကော်လံ ၁ ❊

## ငြိမ်းချမ်းရေးသည် ပြည်သူလူထု တစ်ရပ်လုံး၏ ဆန္ဒအမှန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တစ်ခုပြီးတစ်ခု ကျင်းပလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ လွတ်လပ်မှု၏ အရသာ၊ ဒီမိုကရေစီ၏ အရသာကို ခံစားခွင့်ရရှိနိုင်ရေး တွေ့ဆုံဆွေးနွေးပွဲများက ဒီမိုကရေစီ၏ အနှစ်သာရ ပျက်ယွင်းမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရေး နှစ်ဖက်မျှတမှုရှိစေရန်ဟူသောမူဖြင့် ကျင်းပနေခြင်း ဖြစ်သည်။

ပြီးခဲ့သည့် မေလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၄/၂၀၂၂) တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့် စပ်လျဉ်း၍ "ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ထိရောက်သည့် အဖြေတစ်ခုထွက်လာစေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ EAO များ၏ အလိုဆန္ဒများ၊ တိုင်းပြည်၏ အလိုဆန္ဒများဖြင့် နှစ်ဖက်လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး အကျိုးရှိသည့် ဆွေးနွေးပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များနှင့် ပတ်သက်၍လည်း ဖြစ်သင့်သည်၊ မဖြစ်သင့်သည်ကို ကောင်စီအစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုပြောကြားနေခြင်းသည် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တိုင်ပင်နေခြင်းသာဖြစ်ပြီး ထပ်မံ၍လည်း သီးသန့်ဆွေးနွေးသွားမည်ဖြစ်ကြောင်း" ဖြင့် ထည့်သွင်းပြောကြားသွားခဲ့သည်။

အဆိုပါ ပြောကြားချက်များအရ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ထိရောက်သည့် အဖြေတစ်ခုထွက်လာစေရန်၊ အကျိုးရှိသည့် ဆွေးနွေးပွဲများဖြစ်ရန် ရည်ရွယ်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခေါင်းဆောင်များကိုယ်တိုင်လည်း သိရှိပြီးကြပြီဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒဖြစ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်မည့် ခြေလှမ်းများဖြစ်ပြီး အောင်မြင်ပြီးမြောက်သည်အထိ နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားကြမည်ဟု ယုံကြည်သည်။ ငြိမ်းချမ်းမှုပြီးသည့်နောက်တွင် ဖွံ့ဖြိုးတိုးတက်ရေးကို အခြေတကျ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာရန်၊ လူငယ်များ ကျောင်းပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးတို့ မြှင့်တင်ပေးနိုင်ရန် စသည်တို့ကို စိတ်ချလက်ချအကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

ငြိမ်းချမ်းရေးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒအမှန်ပင်ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပြည်သူလူထုတစ်ရပ်လုံးက ထောက်ခံသည်။ ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာနှင့်အတူ ရင်ပေါင်တန်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကပင်ဖြစ်ရာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒအမှန်ကို ဖော်ဆောင်နိုင်ပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယှဉ်တွဲနှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးမင်းဟိန်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ခင်သန့်စင်<br>ဒုတိယပါမောက္ခချုပ်<br>ဇန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးအဝေးသင်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

### မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၂၆

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

## ပြင်ဆင်ဖတ်ရှုပါရန်

နေပြည်တော် မေ ၂၆

မေ ၂၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂) တွင် ဖော်ပြခဲ့သော **"သတင်းအမှန် ပြည်သူ့ထံ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပ"** သတင်းတွင် **အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)** အစား **အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

သတင်းစဉ်

## နိုင်ငံသားစိစစ်ရေးကတ်များ e-ID စနစ်ဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ဆင်ပေါင်ဝဲ မေ ၂၆

မကွေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးဝိုင်းမြင့်သည် မေ ၂၆ ရက် မွန်းလွဲပိုင်းက ဆင်ပေါင်ဝဲမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးမှုမှတ်တမ်းကို e-ID စနစ်ဖြင့် Data ဖြည့်သွင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ထို့နောက် မြို့နယ်ဌာနဆိုင်ရာများအား တွေ့ဆုံရာ လူမှုရေးရာဝန်ကြီးက ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဌာန လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူကို တိုက်ရိုက်ထိရောက်မှုရှိရန် လိုအပ်ကြောင်း၊ ယခုအခါ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေကြပြီဖြစ်သည့်အတွက် ရာနှုန်းပြည့် ကျောင်းအပ်နှံနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ အမြန်ဆုံးထိုးနှံပေးရန်၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ ရွေးကောက်ပွဲဆိုင်ရာမဲစာရင်းများ ပြုစုရေးသွင်းရာတွင် အချက်အလက်များ ပြည့်စုံမှန်ကန်စေရေးအတွက် နိုင်-၄ မှတ်တမ်းများ Excel Format ရေးသွင်းနေမှုနှင့် e-ID စနစ် Software ရေးသွင်းမှု ပြီးစီးရေး အလေးထားဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြောကြားသည်။

နိုင်လင်း(ပြန်/ဆက်)


## ကိုဗစ်-၁၉ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်နှစ်စီးဖြင့် နှာခေါင်းစည်း Mask ၁၀ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်း နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စိစစ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်




## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၈-၅-၂၀၂၂ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄) အမှတ်(၂၂) ၌ အပျံသင်စငှက်ငယ်လေးကို အကူအညီပေးခဲ့သော ပါဝီလေးအကြောင်း ရေးဖွဲ့ထားသည့် "ပါဝီလေး" မျက်နှာဖုံးကာတွန်း၊ "ဥမင်လိုဏ်ခေါင်း" အကြောင်းကို ကလေးတို့ ဗဟုသုတ ဖြစ်ဖွယ်တင်ဆက်ထားသည့် သုတဆောင်းပါး၊ သူငယ်ချင်း၏ စေတနာအမှန်ကို နားလည်သိရှိသွားသော ဖိုးလုံးအကြောင်းကို တင်ဆက်ထားသည့် "ရွှေဖဲ" နှစ်မျက်နှာကာတွန်း၊ မြင်းသည် သူ၏အဘိုးကို ပြောခဲ့သော အလုပ်သုံးခုကို အမှန်တကယ် လုပ်ဆောင်နိုင်ခဲ့ပုံအကြောင်း ရေးဖွဲ့ထားသည့် "နေကြာသွားသွား" ဝတ္ထုကဏ္ဍ၊ ဦးလေး၏ ဘောင်းဘီကို မီးပူတိုက်ပေးလိုက်သော အာတူးအကြောင်းကို ရေးဖွဲ့ထားသည့် "အာတူးရဲ့ စားရခါနီးမှ" တစ်မျက်နှာကာတွန်း၊ စာပေဗိမာန်စိန်ရတုအထိမ်းအမှတ်အဖြစ် ပြုလုပ်သော ရွှေသွေးတို့လက်ရာ စာစီစာကုံးပြိုင်ပွဲတွင် ဆန်ခါတင်အဆင့် ရွေးချယ်ခံရသည့် "ကျောင်းစာကြည့်တိုက်"စာစီစာကုံး ကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ နိုင်ငံတော်သြဝါဒါစရိယ ရွှေသုဝဏ်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား သွားရောက်ဖူးမြော်ကြည်ညို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ နိုင်ငံတော်သြဝါဒါစရိယ ရွှေသုဝဏ်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသဒ္ဓိယ မဟာထေရ်မြတ်ကြီးသည် ၂၀၂၂ ခုနှစ် မေ ၂၁ ရက် (စနေနေ့)နံနက် ၁ နာရီ မိနစ် ၄၀ တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

**သွားရောက်ဖူးမြော်ကြည်ညို**

ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ပုညနိမ္မိတာရာမ ရွှေသုဝဏ်ကျောင်းတိုက်၌ ပူဇော်ထားလျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကျင်းပပြုလုပ်နိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်ပြည်နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေတုမာလာ အမှူးပြုသည့် အန္တိမအဂ္ဂိစျာပနကျင်းပရေး သြဝါဒါစရိယဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ဘုရားကြီး၏အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားပြုလုပ်မည့် အခြေအနေများကို လျှောက်ထားဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကျင်းပပြုလုပ်နိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရွှေသုဝဏ်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြသည်။

**အဆင့်ဆင့်အောင်မြင်ခဲ့**

အဆိုပါ ရွှေသုဝဏ်ဆရာတော်ဘုရားကြီး အလောင်းလျာကို မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အောင်ချမ်းသာ(ခံဘဲ့ကျေးရွာ)၌ ခမည်းတော် ဦးထွေး၊ မယ်တော်ဒေါ်နှင်းအေးတို့မှ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၁ ရက်တွင် ဖွားမြင်ခဲ့ပြီး မွေးချင်း ၆ ဦးအနက် အကြီးဆုံးဖြစ်ကြောင်း၊ အောင်ချမ်းသာ(ခံဘဲ့ကျေးရွာ) မှန်ကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံတွင် ပညာသင်ယူ၍ ၁၃၁၁ ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း၊ ၁၃၁၉ ခုနှစ်တွင် မြစ်သားမြို့ မင်းကျောင်းတိုက်ခဏ္ဍာသိမ်၌ ရေလည်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ကြောင်း၊ ဆရာတော်သည် အစိုးရပထမပြန်စာမေးပွဲများကို နှစ်စဉ်အောင်မြင်ခဲ့ပြီး ၁၃၁၉ ခုနှစ် ဓမ္မာစရိယစာချတန်းတွင် ကျမ်းရင်း ၃ ကျမ်းနှင့် ဂုဏ်ထူး ၃ ကျမ်းတို့ကို ရှင်သာမဏေဘဝဖြင့် အောင်မြင်၍ "သာသနဓဇသီရိပဝရ ဓမ္မာစရိယ" ဘွဲ့ကို နိုင်ငံတော်သမ္မတ ဦးဝင်းမောင်က ဆက်ကပ်ခဲ့ကြောင်း၊ ထို့နောက် သာသနာတော်ဆိုင်ရာ စာမေးပွဲများကို အဆင့်ဆင့်အောင်မြင်ခဲ့ပြီး ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယနိုင်ငံ၊ ဗီဟာပြည်နယ်၊ ဒရဘံဂါတက္ကသိုလ်အောက်ရှိ နာလန္ဒာ ဘွဲ့လွန်ပညာသင်တန်းကျောင်းသို့ ၁၉၈၁ ခုနှစ်တွင် ကြွရောက် ပညာသင်ယူရာ ၁၉၈၂ ခုနှစ်တွင် "အာစရိယ" ဘွဲ့၊ ၁၉၈၆ ခုနှစ်တွင် မာဂဓတက္ကသိုလ်မှ မဟာဝိဇ္ဇာ(M.A. Buddhist Study) ဘွဲ့ကိုရရှိခဲ့ကြောင်း၊ ဆရာတော်ဘုရားကြီးသည် ပရိယတ္တိစာပေသင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျရှိစေရေး ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စေတီပုထိုးများ တည်ထားပူဇော်ရာတွင် စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးခြင်း၊ ကျမ်းစာများပြုတော်မူခြင်း၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခြင်း၊ ဗုဒ္ဓစာပေအဖွဲ့ ဖွဲ့စည်းတည်ထောင်၍ စာအုပ်အမျိုးမျိုးကို ဖြန့်ဝေထိန်းသိမ်းခြင်း၊ ပိဋကတ်ကို ကွန်ပျူတာ စာလုံးဖြင့်ရိုက်နှိပ်ခြင်း၊ တိုက်နယ်ဆေးရုံ ဆောက်လုပ်လှူဒါန်းခြင်း စသည့်အမျိုးဘာသာသာသနာတော်အကျိုးများကို များစွာသယ်ပိုးတော်မူခဲ့ကြောင်း၊ သာသနာတော်ကြီး အဓွန့်ရှည်ကြာ တည်တံ့ရေးအတွက် နည်းမျိုးစုံဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်တော်မူ၍ အမျိုးဘာသာ သာသနာတော်အကျိုးကို သယ်ပိုးတော်မူခဲ့ခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ဘုရားကြီးအား ၁၉၉၇ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့၊ ၂၀၀၇ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ၂၀၁၇ ခုနှစ်တွင် Doctor of Letters ဘွဲ့၊ ၂၀၁၉ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ ၂၀၂၁ ခုနှစ်တွင် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဘွဲ့တို့ကို ဆက်ကပ်လှူဒါန်းခြင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❄ ***ရှေ့ဖုံးမှ***

ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံမှ MAIလေကြောင်းလိုင်းအနေဖြင့် ယခု ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး လေကြောင်းလိုင်းများ ပြေးဆွဲနိုင်ရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိသည်။

"နိုင်ငံတော်ရဲ့ လမ်းညွှန်မှုကို ခံယူပြီး ဝန်ကြီးဌာနတွေကိုလည်း အကူအညီတောင်းခံထားတာ ရှိပါတယ်။ ရုရှားနိုင်ငံနဲ့ လေကြောင်း ပြေးဆွဲနိုင်ဖို့ မြန်မာသံအမတ်ကြီးနဲ့ ရုရှားဖယ်ဒရေးရှင်းအဖွဲ့နဲ့ စကားပြောဆိုနေတာ ရှိတယ်။ ပြေးဆွဲမယ့် အချိန်အတိအကျတော့ မသိသေးပါဘူး။ အတတ်နိုင်ဆုံး၊ အမြန်ဆုံးဖြစ်အောင် ကြိုးစားနေကြပါတယ်။ ကနဦးအနေနဲ့ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး လေကြောင်းလိုင်း ပြေးဆွဲမယ်ဆိုရင် နိုင်ငံတော်ရဲ့ ထွက်ကုန်ပစ္စည်းမျိုးစုံအတွက် ဈေးကွက်တစ်ခုရရှိသွားမှာပါ။ နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ဖို့လည်း ရည်ရွယ်ပါတယ်။ နှစ်နိုင်ငံ ကုန်တင်လေကြောင်းလိုင်းပြေးဆွဲမှု အောင်မြင်ပြီး တစ်ဖက်နိုင်ငံက ခရီးသည်ပြေးဆွဲဖို့ တောင်းဆိုမှုရှိရင် MAI အနေနဲ့ ပြေးဆွဲဖို့ကြိုးစားသွားမှာပါ။ ဒီနှစ်မကုန်မီ ပြေးဆွဲနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု Myanmar Airways International မှ ကပ္ပတိန်ကျော်စိုးလှက ပြောသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် ပြန်လည်ဖွင့်လှစ်ချိန်မှစ၍ ပြည်တွင်းလေကြောင်းလိုင်းများ နေ့စဉ်ပြေးဆွဲလျက်ရှိပြီး ပြည်ပလေကြောင်းလိုင်းများလည်း ဝင်ရောက်လျက်ရှိသည်။ ယခင်က ပြည်ပလေကြောင်းလိုင်း ၁၇ လိုင်းနှင့် အထက်မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်ပခရီးစဉ် လေကြောင်းလိုင်း ဝင်ရောက်မှု လျော့နည်းခဲ့သော်လည်း ကမ္ဘာ့နိုင်ငံများ၌ ခရီးသွားဝင်ရောက်မှု ပြန်လည်မြင့်တက်လာမှုကြောင့် မြန်မာနိုင်ငံသို့ ပြည်ပလေကြောင်းလိုင်းများ ဇွန်လပိုင်းတွင် ပိုမိုဝင်ရောက်လာမည်ဖြစ်ကြောင်း MAI လေကြောင်းလိုင်းမှ သိရသည်။ **ညီမ်းသူ (သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့သားကောင်းစစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)တည်ဆောက်နေမှုအခြေအနေ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်) တည်ဆောက်နေမှု အခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် မေ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဘိုဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိမြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) တည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## အသီးသီးရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရှင်းလင်းဆောင်တွင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် မျိုးသန့်တို့က အိမ်ရာအတွင်း စစ်မှုထမ်းဟောင်းများနှင့် မိသားစုများကို နေရာချထားပေးမှု အခြေအနေ၊ အိမ်ရာများ ထပ်မံတည်ဆောက်နေမှု၊ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ ရေ၊ မီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးထားသည့် အခြေအနေ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၏ နေထိုင်ရေးအတွက်သာမက စားရေး၊ နေရေးနှင့် အလုပ်အကိုင်ရရှိရေးတို့အတွက် အဆင့်မြင့်ဥစားကြက်မြုံလုပ်ငန်းလည်ပတ်နေမှုအခြေအနေ၊ အထည်ချုပ်စက်ရုံ လုပ်ငန်းလည်ပတ်နေမှု အခြေအနေများနှင့် အိမ်ရာအတွင်း သာရေး၊ နာရေး ကိစ္စရပ်များ ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ကလေးကစားကွင်းနှင့် စာကြည့်တိုက် ထည့်သွင်းဆောင်ရွက်ပေးထားသည့် အခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

## ကြိုတင်ပြင်ဆင်ကြရမည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အိမ်ရာအတွင်းပြီးစီးပြီးဖြစ်သည့် အခန်းများ၌ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ ရောက်ရှိနေထိုင်လျက်ရှိပြီဖြစ်သော်လည်း ရောက်ရှိနေထိုင်ရန် ကျန်ရှိနေသူများအားလုံး ရောက်ရှိနေထိုင်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြို့ပြစီမံကိန်းအသွင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိသားစုဝင်များ၏ ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းအတွင်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းနှင့် အလုပ်အကိုင်များ၊ စက်မှုအထက်တန်းကျောင်း၊ စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများကို ဆောင်ရွက်ပေးနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးရန် လိုကြောင်း၊ အိမ်ရာတွင် နေထိုင်သူများ လူနေမှုအဆင့်မြှင့်တင်နိုင်ရေးအတွက် စနစ်ကျနသည့် အဆင့်မီ Shopping Mall တစ်ခုကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အိမ်ရာအတွင်း နေထိုင်သည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအတွက် အသက်အရွယ်အလိုက် လုပ်ကိုင်နိုင်မည့် လုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်း မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် စားကျက်မြေများ ဖြစ်ပေါ်လာစေရေး ယခုကတည်းက ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ နေရာအကျယ်အဝန်းများစွာ မယူသည့် ခေတ်မီမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်ကြောင်းနှင့် လမ်းပန်းဆက်သွယ်မှုလွယ်ကူရေး၊ လမ်းများကောင်းမွန်ရေးတို့အတွက် လိုအပ်သည်များကို မှာကြားရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တို့က မြို့ပြစနစ်တွင် ပါဝင်သင့်သည့်အချက်များ ပါဝင်နိုင်ရေး၊ ရေစွန့်ထုတ်သည့်စနစ် ကောင်းမွန်စေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြကြသည်။ အကြံပြုတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

## လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အိမ်ရာတည်ဆောက်ရေးစီမံကိန်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)ကို ၂၀၁၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်မှ အငြိမ်းစားယူပြီး ရန်ကုန်မြို့တွင် အခြေချနေထိုင်လိုသူများအတွက် စစ်မှုထမ်းဟောင်းမြို့အဖြစ် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အိမ်ရာတွင် နေထိုင်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် စားဝတ်နေရေးတို့တွင် လိုအပ်နိုင်သည့် အခြေခံလိုအပ်ချက်များကို ထည့်သွင်းတွက်ချက်ပြီး မြို့ပြစီမံကိန်းအသွင် တည်ဆောက်လျက်ရှိကြောင်း၊ ဆေးရုံ၊ စာသင်ကျောင်း၊ စာကြည့်တိုက်တို့ကိုလည်း ထည့်သွင်းတည်ဆောက်ထားပြီး စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား နေရာချထားပေးလျက်ရှိကာ အိမ်ရာစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❂ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA (PC)ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ နော်ကပေါ်ထူးနှင့် ဗဟိုကော်မတီဝင် စောမောင်မောင်တို့ တက်ရောက်ကြသည်။

**လက်တွေ့ကျကျ အကောင်အထည်ဖော်**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်တိုင်း၌ တိုင်းရင်းသားလူမျိုးတစ်ခုတည်းသာ သီးသန့်နေထိုင်သည်မဟုတ်ဘဲ တိုင်းရင်းသားပေါင်းစုံ အတူတကွပေါင်းစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် ပြည်ထောင်စုအကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြမည့် အခြေအနေ၊ ငြိမ်းချမ်းရေးရရှိမှသာလျှင် နိုင်ငံတည်ဆောက်ရေး(State Building)၊ တိုင်းပြည်တည်ဆောက်ရေး (Nation Building)ကို ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မိမိတိုင်းရင်းသား၊ မိမိပြည်နယ်နှင့် မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်စဉ်းစားဆောင်ရွက်ရန် လိုသည့်အခြေအနေ၊ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာရန် အဓိကလိုအပ်သည့်အတွက် တစ်နိုင်ငံလုံး တိုင်းရင်းသားဒေသများပါမကျန် ပညာရည်မြှင့်တင်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC)မှ ဥက္ကဋ္ဌ စောထော့လေးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက် အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) KNU/KNLA(PC) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**ဆက်လက်ပြုလုပ်သွားမည်**

အဆိုပါ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေး ကောင်စီ) KNU/KNLA(PC) ဥက္ကဋ္ဌဦးဆောင်သည့် အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ



နေပြည်တော် မေ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်သို့ ရောက်ရှိနေသည့် မွန်ပြည်သစ်ပါတီ (NMSP)မှ ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာသွားသည်။

မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက ထာဝရငြိမ်းချမ်းရေးရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ စသည့်စာသားပါ ဆိုင်းဘုတ်များကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း နေပြည်တော်ရှိ Horizon Lake View Resort ၌ ပို့ဆောင်နှုတ်ဆက်ကြသည်။(ဓါတ်ပုံ)

**သတင်းစဉ်**

# အလယ်အလတ်အဆင့်(Grade-2)နှင့် အဆင့်မြင့် (Grade-3) စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း(အမှတ်စဉ် - ၁၀၀)ဖွင့်လှစ်

နေပြည်တော် မေ ၂၆

**အလယ်အလတ်အဆင့် (Grade–2)နှင့် အဆင့်မြင့် (Grade–3) စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်း (အမှတ်စဉ် – ၁၀၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။** (ယာပုံ)

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုစာရင်းချုပ်ရုံးသည် အစိုးရဌာန၊ အဖွဲ့အစည်းများရှိ ဝန်ထမ်းများအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းများကို အခြေခံအဆင့်(Grade–1)၊ အလယ်အလတ်အဆင့် (Grade–2)နှင့် အဆင့်မြင့်အဆင့် (Grade–3)အဖြစ် အဆင့်(၃)ဆင့်ခွဲခြား၍ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ စာရင်းပညာနားလည်တတ်ကျွမ်းပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမှားအယွင်းမရှိ စာရင်းရေးဆွဲဆောင်ရွက်နိုင်ရန်နှင့် ရုံးလုပ်ငန်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယနေ့ချိန်အထိ အလယ်အလတ်အဆင့် အောင်မြင်သူ ၂၄၇၈ ဦးနှင့် အဆင့်မြင့်အဆင့် အောင်မြင်သူ ၁၃၂၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဌာန၊ အဖွဲ့အစည်းများတွင် ဘဏ္ဍာရေးဆိုင်ရာ စာရင်းမှတ်တမ်းများ တိကျမှန်ကန်စွာ ရေးသွင်း ဆောင်ရွက်နိုင်မှုသည် မှန်ကန်သည့် မူဝါဒနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အလွန်အရေးကြီးပါကြောင်း၊ သင်တန်းသားများအနေဖြင့် လုပ်ငန်းတာဝန်များကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန်အတွက် ယခုသင်တန်းက သင်ကြားပို့ချပေးမှုများကို အမှန်တကယ် နားလည်တတ်ကျွမ်းသည်အထိ လေ့လာသင်ယူကြရန်နှင့် နိုင်ငံ့အကျိုးပြုနိုင်သည့် ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြရန် တိုက်တွန်းပါကြောင်း ပြောကြား သည်။

ယင်းနောက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။



ဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများမှ အလယ်အလတ်အဆင့် (Grade–2) သင်တန်းတွင် သင်တန်းသား (၁၄၀)၊ အဆင့်မြင့်(Grade–3) သင်တန်းတွင် သင်တန်းသား ၆၈ ဦး စုစုပေါင်းသင်တန်းသား ၂၀၈ ဦး တက်ရောက်ကြမည်ဖြစ်ပြီး ကူးသန်းရောင်းဝယ်မှု အထွေထွေဗဟုသုတ၊ စာရင်းကိုင်ပညာ၊ စာရင်းစစ်ဆေးခြင်း၊ တန်ဖိုးတွက်စာရင်းပညာ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်း၊ ဦးစီးဌာနစာရင်းပညာ၊ ပြည်သူ့ဘဏ္ဍာရေးနှင့် စာတိုချုံးနှင့် ရုံးစာရေးနည်းတို့ကို သုံးလကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

- ❖ **မြန်မာနိုင်ငံသို့ နိုင်ငံတကာမှခရီးသွားများ အဆင်ပြေစွာ လာရောက်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကို တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့ရာ ဧပြီ ၁၇ ရက်၊ မြန်မာနှစ်ဆန်း (၁)ရက်မှစတင်ကာ နိုင်ငံတကာပုံမှန်လေကြောင်းခရီးစဉ်များကို စတင်ပျံသန်းပြေးဆွဲခွင့်ပြုခဲ့**
- ❖ **မေ ၂၅ ရက်ထိ နိုင်ငံတကာပုံမှန်လေကြောင်းလိုင်းများဖြင့် ပြည်တွင်းခရီးသည် ၂၀၆၅၇ ဦးနှင့် နိုင်ငံခြားသားခရီးသည် ၅၅၆၁ ဦး ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရ၊ တစ်ရက်လျှင် ပျမ်းမျှလေကြောင်းလိုင်း ၉ လိုင်း၊ လေယာဉ်ခရီးစဉ် ၂၈၂ ခေါက် ဆင်းသက်ပျံသန်းလျက်ရှိ**
- ❖ **နိုင်ငံတကာခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့်အတွက် နယ်စပ်ဝင်ပေါက်များ ပြန်လည်ဖွင့်လှစ်သွားနိုင်ရန် စဉ်းစားဆောင်ရွက်သွားရမည်**

အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်စတင်လည်ပတ်နိုင်ရန်၊ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရေး ဗဟိုကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း၊ ယခုအစည်းအဝေးသည် ၂၀၂၂ ခုနှစ်အတွက် ပထမဆုံးအကြိမ်ကျင်းပသည့် အစည်းအဝေး ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၈ ရက်တွင် ပထမအကြိမ် အစည်းအဝေး (၁/ ၂၀၂၁ ) ကို ကျင်းပခဲ့ကြောင်း။

**နိုင်ငံတကာခရီးသွားလုပ်ငန်း**

ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (WTTC) ၏ သုတေသနစစ်တမ်းများအရ ခရီးသွားလုပ်ငန်းသည် ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ဂျီဒီပီ၏ ၁၀ ဒသမ ၄ ရာခိုင်နှုန်း ပါဝင်နိုင်ခဲ့ပြီး ခရီးသွားကန့်သတ်ချက်များနှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရမှုကြောင့် ၂၀၂၀ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း အလုပ်အကိုင် ၆၂ သန်းကျော် ဆုံးရှုံးခဲ့ရသည်ဟု သိရှိရကြောင်း၊ ထို့ပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်(UNWTO)၏ စာရင်းဇယားများအရ ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာ ခရီးသည်ဝင်ရောက်မှု အခြေအနေသည် ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက (၄)ရာခိုင်နှုန်း တိုးတက်လာသော်လည်း ကပ်ရောဂါမဖြစ်ပွားမီကာလဖြစ်သည့် ၂၀၁၉ ခုနှစ်ထက် (၇၂) ရာခိုင်နှုန်း လျော့နည်းသည်ကို တွေ့ရှိရကြောင်း၊ ကပ်ရောဂါမဖြစ်ပွားမီကာလ ၂၀၁၉ ခုနှစ်တွင် နိုင်ငံတကာခရီးသည် ၁ ဒသမ ၅ ဘီလီယံဝင်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် နိုင်ငံတကာ ခရီးသည် ၄၁၅ သန်းသာ ဝင်ရောက်ခဲ့ကြောင်း။

**မြန်မာနိုင်ငံခရီးသည်ဝင်ရောက်မှု**

မြန်မာနိုင်ငံ၏ ၂၀၁၉ ခုနှစ်တွင် ခရီးသည် ဝင်ရောက်မှု ၄ ဒသမ ၃၆ သန်းနှင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၈၁၈ ဒသမ ၇၅ သန်းရရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့သည့် နောက်ပိုင်းတွင် ခရီးသွားလုပ်ငန်း အားလုံးနီးပါး ရပ်တန့်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ခရီးသည် ၀ ဒသမ ၉၀ သန်းသာ ဝင်ရောက်ခဲ့ပြီး ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက (၇၉)ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် လည်း မြန်မာနိုင်ငံသို့ ခရီးသည် ၀ ဒသမ ၁၃ သန်းသာ ဝင်ရောက်ခဲ့ကြောင်း။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် ခရီးသွားကန့်သတ်ချက်များ ချမှတ်ထားခြင်းသည် ခရီးသွားလုပ်ငန်း၏ အသက်သွေးကြောကို ဖြတ်တောက်လိုက်သကဲ့သို့ဖြစ်ပြီး အဆိုပါ ကန့်သတ်ချက်များကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များသာမက စီးပွားရေးနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုများအတွက် ကောင်းကျိုးထက်ဆိုးကျိုးကိုပိုမိုဖြစ်စေသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်က ၂၀၂၂ ခုနှစ် ဇန်နဝါရီတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁၀) ကြိမ်မြောက် နိုင်ငံတကာ ကျန်းမာရေး အရေးပေါ်တုံ့ပြန်မှုမူဝါဒကော်မတီ အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့ကြောင်း၊ ယခုအခါတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ရောဂါကူးစက်မှုများကို ထိန်းချုပ်လာနိုင်သည်နှင့်အမျှ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ခရီးသွားများ အဆင်ပြေစွာ လာရောက်နိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များကို တဖြည်းဖြည်း ဖြေလျှော့ပေးခဲ့ရာ ဧပြီ ၁၇ ရက်၊ မြန်မာနှစ်ဆန်း (၁)ရက်မှစတင်ကာ နိုင်ငံတကာပုံမှန်လေကြောင်း ခရီးစဉ်များကို စတင်ပျံသန်းပြေးဆွဲခွင့်ပြုခဲ့ကြောင်း၊ မေ ၂၅ ရက်ထိ နိုင်ငံတကာပုံမှန်လေကြောင်းလိုင်းများဖြင့် ပြည်တွင်းခရီးသည် ၂၀၆၅၇ ဦးနှင့် နိုင်ငံခြားသားခရီးသည် ၅၅၆၁ ဦး ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တစ်ရက်လျှင် ပျမ်းမျှလေကြောင်းလိုင်း ၉ လိုင်း၊ လေယာဉ်ခရီးစဉ် ၂၈၂ ခေါက် ဆင်းသက်ပျံသန်းလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြန်လည်လုပ်ကိုင် ဆောင်ရွက်နိုင်ကြမည့် အလားအလာကောင်းများရှိလာကြောင်း။ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည့် အလားအလာများစွာရှိကြောင်း၊ မြန်မာနိုင်ငံ၏ရာသီဥတု၊ ကမ်းရိုးတန်းများ၊ ရေအောက်သန္တာကျောက်တန်းများ၊ ရေနေသတ္တဝါများ၊ လန်ပိကျွန်းကဲ့သို့သော သဘာဝဥယျာဉ်ကြီးများ၊ အနုပညာနှင့် ဆောက်လုပ်ရေးနည်းပညာများကို လေ့လာနိုင်သည့် ရှေးဟောင်းယဉ်ကျေးမှု ပုဂံဒေသကဲ့သို့သော ယူနက်စကို အသိအမှတ်ပြုနေရာဒေသများ၊ အညာဒေသခရီးစဉ်များ၊ ကချင်ပြည်နယ် ပူတာအိုဒေသရှိ ရေခဲတောင်ခရီးစဉ်များ၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ သေမင်းတမန် ရထားလမ်း စသည်တို့သည် ပြည်တွင်း ပြည်ပခရီးသွားလုပ်ငန်းအတွက် လူတန်းစားအလွှာအသီးသီးကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် ရိုးရာအစားအစာများသည်လည်း ခရီးသွားလုပ်ငန်းအတွက် စိတ်ဝင်စားဖွယ် ဆွဲဆောင်နိုင်သည့် အရာများဖြစ်ကြောင်း၊ ထိုသို့ရှိပြီးသော စိတ်ဝင်စားဖွယ်ဆွဲဆောင်မှုအရာများကို နေရာဒေသအလိုက် အမိအရ ဖမ်းဆုပ်နိုင်ရန်လိုကြောင်း။

**ကာကွယ်ဆေးထိုးနှံမှု**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်ထိ လူဦးရေ စုစုပေါင်း ၃၃ ဒသမ ၃ သန်းကျော် ကာကွယ်ဆေး ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ ၂၆ သန်းကျော်၊ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးစီးသူ ၁ ဒသမ ၉ သန်းကျော်နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်ဆောင်ရွက်နေကြသူ ၀ ဒသမ ၂၈ သန်း ကျော်ကို ကာကွယ်ဆေး အပြည့်အဝထိုးနှံခဲ့ပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးစီးမှု တိုးတက်လာသည်နှင့်အမျှ ရောဂါကူးစက်မှုနှုန်းများ လျော့ကျလာပြီး ခရီးသွားကန့်သတ်ချက်များ ဖြေလျှော့ကာ ခရီးသွားလာမှုများ၊ ခရီးသွားနှင့် ဆက်စပ်လုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများကို ရောဂါကာကွယ်ရေး စည်းမျဉ်း/စည်းကမ်းများနှင့်အညီ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတကာခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့်အတွက် နယ်စပ်ဝင်ပေါက်များ ပြန်လည်ဖွင့်လှစ်သွားနိုင်ရန် စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်ကာလအလွန် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ASEAN Tourism Recovery Plan တွင်ပါဝင်သည့် ကိုဗစ်-၁၉ရောဂါကြောင့် ဒေသတွင်းသက်ရောက်မှုများ ကုစားဖြေလျှော့ရေးနှင့် ပြန်လည်တိုးတက်ကောင်းမွန်ရေးအတွက် အာဆီယံအဆင့် ဆောင်ရွက်ရမည့် မူဝါဒများချမှတ်ခြင်း၊ Common Health Guideline များ ရေးဆွဲဖော်ဆောင်ခြင်း၊ ASEAN Travel Corridor များ ဖော်ဆောင်ခြင်း၊ အာဆီယံအဆင့် Travel Pass နှင့် Safety Protocol များရေးဆွဲ၍ အပြန်အလှန် အသိအမှတ်ပြုခြင်း အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**ခရီးသွားလုပ်ငန်း၏အလားအလာ**

ကိုဗစ်ကာလအလွန် ခရီးသွားလုပ်ငန်း၏ အလားအလာကို လေ့လာကြည့်မည်ဆိုလျှင် ယခင်က နိုင်ငံတကာခရီးသွားများသည် လူနေထူထပ်သည့် မြို့ကြီးပြကြီးများကို သွားလာလည်ပတ်ခြင်း၊ ဈေးဝယ်ထွက်ခြင်းစသည်များကို ရွေးချယ်မှု များပြားခဲ့ပြီး ယခုအခါတွင် လူနေနည်းပါးပြီး သဘာဝနှင့် နီးစပ်သည့်နေရာများ၊ လေကောင်းလေသန့်ရပြီး ရှုခင်းကောင်းသည့် ကျေးလက်ဒေသများကို ပိုမိုနှစ်သက်လာကြသည်ဟု စစ်တမ်းများအရ သိရှိရကြောင်း၊ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံစိတ်ချရမှုကို ဦးစားပေးစဉ်းစားလာကြပြီး ငွေပေးချေရာ၊ ဝန်ဆောင်မှုများ ရယူရာတွင်၊ လူချင်းတိုက်ရိုက်ထိတွေ့မှုအနည်းဆုံး နည်းလမ်းများကို ပိုမိုရွေးချယ်ရယူလိုမှုကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့ဒေသကို လည်ပတ်မည့် ခရီးသွားဧည့်သည်၏ ယုံကြည်စိတ်ချရမှုကို ရယူထားနိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့ခရီးစဉ်ဒေသသည် COVID Safe Destination ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် Health & Safety Protocol များအတိုင်း ဆောင်ရွက်ထားကြောင်း စသည့်အချက်များသည် မိမိတို့ ခရီးစဉ်ဒေသကို မြှင့်တင်ကြော်ငြာ ဆွဲဆောင်ရာတွင် အထိရောက်ဆုံး Marketing နှင့် Promotion Tools များဖြစ်ကြောင်း။

ကပ်ရောဂါကာလအတွင်း Online နှင့် Digital Platform ကို ယခင်ကထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြပြီး အချိန်တိုအတွင်း အလုပ်များ တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်လာနိုင်ခြင်းကြောင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် ပြောင်းလဲတိုးတက်လာသည့်နည်းပညာကို အကောင်းဆုံးအသုံးချကြရမည့် အချိန်လည်းဖြစ်ကြောင်း။

**ကြပ်မတ်ဆောင်ရွက်**

ထို့ပြင် ပြည်တွင်း ပြည်ပခရီးသွားများ၏ ယုံကြည်မှုကို တည်ဆောက်နိုင်ရန်နှင့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံစိတ်ချရမှုကို အာမခံချက်ပေးနိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Enchanting Myanmar Health and Safety Protocol (HSP) အစီအစဉ်များတွင် လိုက်ပါဆောင်ရွက်ရန်နှင့် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် ဟိုတယ်များ၊ အထူးသဖြင့် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို လက်ခံမည့် ဟိုတယ်များကိုလည်း နိုင်ငံအဆင့် (HSP) အသိအမှတ်ပြုလက်မှတ်ရရှိထားစေရေး၊ ဧည့်သည်တည်းခိုမှုစာရင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးနှင့် မလိုအပ်သော စာရွက်စာတမ်းများ လျှော့ချရေးအတွက် Guest List Management System–GLMS ကို ဟိုတယ်များအားလုံး လိုက်ပါသုံးစွဲကြစေရေးကို ကြပ်မတ်ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဝင်များအားလုံးကို ပြောကြားလိုကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့်လည်း အဆိုပါ Guest List Management System ကို ဟိုတယ်များတွင်အသုံးပြုနိုင်ရန် ပူးပေါင်းကူညီသွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသား စိစစ်ရေးကတ်များ အရှိန်အဟုန်ဖြင့် ထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိရာ ပြည်တွင်း ခရီးသွားများ အလွယ်တကူ သွားလာလည်ပတ်နိုင်ရန်နှင့် ပြည်တွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၊ ကိုးကွယ်ယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာ ပွဲတော်အခမ်းအနားများနှင့် တောတောင်ရေမြေသဘာဝ အလှအပများသည် ခရီးသွားလုပ်ငန်းအမျိုးမျိုးကို ဖော်ဆောင်နိုင်သည့်၊ တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်ကောင်းများ ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထူးခြားသည့် ရာသီပွဲတော်များ၊ အခမ်းအနားများ၊ အားကစားပြိုင်ပွဲများ၊ ရိုးရာဓလေ့ဖျော်ဖြေပွဲများနှင့် သဘာဝအလှအပများကို ရှာဖွေဖော်ထုတ်ပြီး ပြည်တွင်း ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ဦးစားပေးကဏ္ဍတစ်ရပ်**

မြန်မာနိုင်ငံ ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကိုဗစ်-၁၉ကြောင့် ထိခိုက်ခဲ့ရသည့် ခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာစေရန်နှင့် New Normal အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများက အဆင့်ဆင့် ကြီးကြပ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းမှ ရရှိလာမည့် ဆင့်ပွားအကျိုးကျေးဇူးများကြောင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီများအနေဖြင့် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရီးသွားလုပ်ငန်းကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ပြီး

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*
ဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ချမှတ်ရေးဆွဲရာတွင် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် အခြေခံအဆောက်အဦလိုအပ်ချက်များကိုလည်း ဦးစားပေးအဆင့်အလိုက် ဖြစ်နိုင်သောနေရာများတွင် ဖြည့်ဆည်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။ ထို့ပြင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများကိုလည်း လုပ်ငန်းရှင်များအနေဖြင့် မပျက်မကွက်ပေးသွင်းနိုင်ရေး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများက ဦးဆောင်ကြပ်မတ်သွားကြရမည်ဖြစ်ကြောင်း။

**မသန်စွမ်းသူများအတွက် ဆောင်ရွက်ထား**

ခရီးသွားဧည့်သည်များတွင် သက်ကြီးရွယ်အိုနှင့် မသန်စွမ်းခရီးသွားများလည်း ပါဝင်သည့်အတွက် ကမ္ဘာတစ်ဝန်းတွင်ရှိသည့် ခရီးစဉ်ဒေသများတွင် မသန်စွမ်းခရီးသွားများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည့် အစီအမံများဆောင်ရွက်ထားသည်ကိုလည်း တွေ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ခရီးစဉ်ဒေသများတွင် မသန်စွမ်းခရီးသွားများ အလွယ်တကူ သွားလာနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်သကဲ့သို့ မသန်စွမ်းများအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရန် စဉ်းစားကြရမည် ဖြစ်ကြောင်း၊ သို့မှသာ မြန်မာနိုင်ငံသည် ခရီးသွားဧည့်သည်အားလုံးကို လက်ခံနိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်သာမက အားလုံးပါဝင်ပြီး တာဝန်ယူမှုရှိသော၊ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို ဦးတည်ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည် ဒေသဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုသည့် ပင်မစီးပွားရေး ကဏ္ဍတစ်ခုဖြစ်ပြီး စနစ်တကျဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဖော်ဆောင်နိုင်ပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရာတွင်လည်းကောင်း၊ ယဉ်ကျေးမှုနှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာတွင်လည်းကောင်း၊ နိုင်ငံတကာ ခရီးသွားဧည့်သည်များနှင့် မြန်မာပြည်သူ/ပြည်သားများအကြား ချစ်ကြည်ရင်းနှီးမှု အပြန်အလှန်နားလည်မှုတို့ကို မြှင့်တင်ရာတွင်လည်းကောင်း အထိရောက်ဆုံး ဆောင်ရွက်နိုင်သည့် ကိရိယာတစ်ခုလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနည်းတူ ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals)နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့စေရန်နှင့် အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် ကဏ္ဍဖြစ်စေရေး ပံ့ပိုးဖော်ဆောင်ရွက်သွားနိုင်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က ခရီးသွားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

**အတည်ပြုချက်ရယူ**

ယင်းနောက် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပထမအကြိမ် ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများတွင် မသန်စွမ်းသူများအတွက် အတားအဆီးမဲ့ ခရီးသွားလုပ်ငန်းရှေ့ပြေး စီမံကိန်း ဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့်၊ အစားထိုးပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့မှုနှင့် ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ်အသုံးပြု၍ ပေးပို့ဆောင်ရွက်မှုများကို အတည်ပြုချက်ရယူသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဦးခင်မောင်ရီနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်သန်းသန်းလင်း၊ ဦးသန်းအောင်ကျော်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဦးအောင်ကျော်ထွန်း၊ ဦးဌေးလှိုင်နှင့် ဦးညွန့်အောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရီးသွားအဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက Myanmar Tourism Board ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်ရှိ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေစေနိုင်ရန် မင်္ဂလာကန်တွင် ကန်ပတ်လမ်း အဆင့်မြှင့်တင်

**နေပြည်တော် မေ ၂၆**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်အမှတ်(၁)ရှိ ကန်ပတ်လမ်းတွင် Pattern Design ဖြင့် Concrete Block ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုရာတွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယမြို့တော်ဝန်က နေပြည်တော်ရှိ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက် အပန်းဖြေစေနိုင်ရန် ရည်ရွယ်၍ မင်္ဂလာကန်တွင် ကန်ပတ်လမ်း အဆင့်မြှင့်တင် တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများကို စနစ်တကျဖြင့် သေသပ်စွာ ဆောင်ရွက်ရေး၊ လုပ်ငန်းအချိန်မီ ပြီးစီးစေရေးတို့ကို မှာကြားခဲ့ပြီး မင်္ဂလာကန် အမှတ်(၁)ရှိ ပတ်လမ်း (၁) လမ်းအရှည်ပေ ၂၀၈၀၊ ပတ်လမ်း(၂) လမ်းအရှည်ပေ ၁၃၉၀ နှင့် ပတ်လမ်း(၃) လမ်း အရှည်ပေ ၁၄၉၀၊ စုစုပေါင်း လမ်းအရှည်ပေ ၄၉၆၀ တို့တွင် Pattern Design ဖြင့် Concrete Block ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန် ပရီကာဆာ ဓာတုပစ္စည်း ထိန်းချုပ်ရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်

**နေပြည်တော် မေ ၂၆**

(၆) ကြိမ်မြောက် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် အိန္ဒိယနိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေးတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ်ဝင်းနိုင်က ကမ္ဘာနှင့်အဝန်း ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသော ကာလတွင် ဒေသတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုနှင့် ထုတ်လုပ်မှုများအပေါ် များစွာအကျိုးသက်ရောက်မှုမရှိဘဲ ရောင်းလိုအားနှင့် ဝယ်လိုအားနှစ်မျိုးလုံး ခြိမ်းခြောက်ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ နည်းလမ်းမျိုးစုံဖြင့် ဘက်ပေါင်းစုံက တိုက်ဖျက်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်သည် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်း၏ ကျန်းမာရေး၊ လူမှုရေး၊ ဒေသတွင်း စီးပွားရေးအပေါ် ကြီးမားစွာ ဆိုးကျိုးသက်ရောက်စေပြီး အစိုးရ၏အုပ်ချုပ်မှုယန္တရားလည်ပတ်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့အတွက်လည်း ကြီးမားစွာထိခိုက်စေသည့် အဟန့်အတားကြီးတစ်ခုဖြစ်နေပါကြောင်း၊ နိုင်ငံအားလုံးမှ ရေရှည်လက်တွဲပူးပေါင်းဖြေရှင်းသွားရမည့် လုပ်ငန်းတာဝန်ကြီးတစ်ရပ်လည်းဖြစ်ပါကြောင်း။

မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ပရီကာဆာ ဓာတုပစ္စည်းများမှာ တရားမဝင် နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်လာမှုများ




ကြောင့် ဒေသတွင်း လူလုပ်ဆေးဝါး (Synthetic Drugs) ထုတ်လုပ်မှုများ ဆက်လက်မြင့်မားလျက်ရှိပါကြောင်း၊ ဈေးနှုန်းသက်သာပြီး အရည်အသွေး ပိုမိုကောင်းမွန်လာသော လူလုပ်ဆေးဝါးအသစ်များ ပေါ်ထွက်နေသည့်အပြင် နည်းပညာတိုးတက်လာမှုနှင့်အတူ ဒေသတွင်း၊ ဒေသအပြင်ဘက်ရှိ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းများ၏ ပါဝင်ပတ်သက်မှု၊ ဈေးကွက်ချဲ့ထွင်မှု၊ သယ်ဆောင်ရောင်းဝယ်မှုပုံစံ ပြောင်းလဲလာမှုတို့ကြောင့် မူးယစ်ဆေးဝါးပြဿနာ ဆက်လက်ကြီးထွားနေဆဲဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်မှာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကမရှိမဖြစ်လိုအပ်သည့် ပရီကာဆာ ဓာတုပစ္စည်း ထိန်းချုပ်ရေးကို ဦးစားပေးဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ပရီကာဆာ ဓာတုပစ္စည်းများ ထိန်းချုပ်နိုင်ရေးအတွက် အိမ်နီးနားချင်းနိုင်ငံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မိမိတို့၏ အတူလက်တွဲပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အောင်မြင်မှုရလဒ်ကောင်းများ ရရှိမည်ဟုလည်း ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ အိန္ဒိယနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဗျူရို (NCB) မှ ညွှန်ကြားရေးမှူးချုပ် Mr. Satya Narayan Pradhan ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံကိုယ်စားလှယ်များမှ လတ်တလော မူးယစ်ဆေးဝါးအခြေအနေ၊ ဒေသတွင်းဘိန်းဖြူသယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးများနှင့် စိတ်ပြောင်းဆေးဝါးများ၊ တရားမဝင်ထုတ်လုပ်သည့် စက်ရုံများနှင့် လျှို့ဝှက်ဓာတ်ခွဲခန်းများ၊ မက်သ်အဖက်တမင်း သယ်ဆောင် ရောင်းဝယ်ခြင်း၊ နယ်စပ်ဒေသများတွင် ဘိန်းပင်နှင့် ဆေးခြောက်ပင် တရားမဝင် စိုက်ပျိုးခြင်းတို့နှင့်ပတ်သက်၍ သတင်းအချက်အလက် ဖလှယ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ (၇) ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေခြည်မှာရွှေရည်လောင်း ငါတို့စာသင်ကျောင်း

ကျောင်းတော်သားတစ်ဦး

**ရန်ကုန်မှာ မိုးဖြိုင်ဖြိုင်ရွာလေပြီ။ ခါတိုင်းဆို နေပူပူမိုးရွာရွာ ထီးဆောင်နေကျ။ ယနေ့မူ ကိုယ့်ရပ်ကွက်အနီးအနားမျှသာဖြစ်၍ ထီးယူမလာခဲ့မိ။ မိုးက သည်းလာသည်။ နီးစပ်ရာ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်အတွင်းသို့ ပြေးဝင်မိုးခိုရတော့သည်။**

နေ့ခင်းဘက်ဖြစ်၍ ဆိုင်အတွင်း လူကျဲသည်။ လက်ဖက်ရည်တစ်ခွက်မှာပြီး စားပွဲ အလွတ်လေးတစ်ခုတွင် ထိုင်ရင်း မိုးအစဲကို စောင့်နေမိသည်။ မိုးကတော်တော်နှင့် မစဲနိုင်ပါ။ ရှေ့တူရူရာအရပ်မှ မူလတန်းကျောင်း လေးတစ်ကျောင်းက မြင်ကွင်းအတွင်း တိုးဝင်လာသည်။ ယခင်က အမှုမဲ့အမှတ်မဲ့။ ယခု စေ့စေ့စပ်စပ်ကြည့်လိုက်မိတော့ လေးဘက်လေးတန်အုတ်တံတိုင်းများ၊ ထပ်တိုးကျောင်းဆောင်သစ် အချို့မှလွဲ၍ ကျောင်းကလေး၏ ဥပမိကားဘာမျှ သိသိသာသာ ပြောင်းလဲမသွား။ ကိုယ်တွေငယ်စဉ်က စတင်ပညာသင်ကြားခဲ့ရာ စာသင်ဆောင်လေးကလည်း ပြကတေ့အတိုင်းပင်။

ငယ်စဉ်ကကြားနေကျ ခေါင်းလောင်းသံချိုမြမြကို လွမ်းလာသည်။ "မင်္ဂလာပါ ဆရာမ၊ ကျေးဇူးတင်ပါတယ်ဆရာမ"။ ဝလုံးလေးကအစပြုပြီး ငယ်စဉ်ကကန့်ကူ လက်လှည့် ပညာသင်ကြားပေးခဲ့ပါသော အတန်းပိုင်ဆရာမ၏ ရုပ်အသွင်က ဖျတ်ခနဲပေါ်လာသည်။ ဆရာမ၏နာမည်ကိုဖြင့် မမှတ်မိတော့။ သို့သော် ဆရာမသည် ချောသည်၊ ယဉ်သည်၊ လှသည်၊ ငယ်ရွယ်နုပျိုသည်။ လက်သံကတော့ အတော်ပြောင်ပါသည်။ လက်ခေါက်ဆစ်တို့သည် ယခုပင် တဆစ်ဆစ်နာသယောင်ယောင် ခံစားလာမိသည်။ "နင့်မျက်လုံးတွေက စောင်းနေလား၊ စာလုံးတွေက ညီညီညာညာကို မရှိဘူး။ အပေါ်ရောက်လိုက်၊ အောက်ရောက်လိုက်နဲ့"ဟု ဆရာမ၏ ဆူပူကြိမ်းမောင်းဆိုဆုံးမသံများကိုလည်း ကြားယောင်လာမိသည်။



အိမ်မဲမြို့နယ်အတွင်း အခြေခံပညာကျောင်းတစ်ကျောင်း၌ ကျောင်းသား ကျောင်းသူလေးများ ကျောင်းအပ်နေစဉ်။ ဓာတ်ပုံ-ချစ်သက်လယ် (အိမ်မဲ)

**မမေ့ကောင်းသောအရာ ငါးမျိုး**

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအဖို့ လောက၌ မမေ့ကောင်းသောအကြောင်းအရာ ငါးမျိုးရှိသည်။

၁။ ရတနာသုံးပါးကို မမေ့ကောင်း၊
၂။ မိဘနှစ်ပါးကို မမေ့ကောင်း၊
၃။ မိမိအား စတင်ပညာသင်ကြားပေးသော ဆရာကို မမေ့ကောင်း၊
၄။ မိမိဒုက္ခရောက်စဉ်ကြည့်ရှုသော ကျေးဇူးရှင်ကို မမေ့ကောင်း၊
၅။ မိမိချက်မြှုပ်ဒေသကို မမေ့ကောင်းဟု ရှေးလူကြီးများက ဆိုဆုံးမလေ့ရှိကြသည်။

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ မိမိအား စတင်ပညာသင်ကြားပေးသော ဆရာကို ယခုတိုင် မမေ့နိုင်ပါ။ နာမည်ကျော်စာရေးဆရာ သတင်းစာဆရာကြီးများဖြစ်ကြသည့် ဆရာကြီးသိန်းဖေမြင့်နှင့် ဆရာကြီးမောင်ထင်တို့ဆိုပါလျှင် ငယ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို စာတစ်စောင်ပေတစ်ဖွဲ့ပင် အမှတ်တရ ရေးဖွဲ့သီကုံးခဲ့ကြပါသည်။

**ဆရာကြီး သိန်းဖေမြင့်၏ ဆရာဟာရွှန်း**

ဆရာကြီးသိန်းဖေမြင့်က ၁၉၆၅ ခုနှစ် မတ်လ ၁၈ ရက်နေ့ထုတ် ဗိုလ်တထောင်သတင်းစာတွင် "ဆရာဟာရွှန်း ကွယ်လွန်ရှာပြီ"ခေါင်းစဉ်ဖြင့် ...

"ကျွန်တော်သည် အသက် ငါးဆယ်ကျော်လာခဲ့ပြီ။ ဆရာအမျိုးမျိုးလည်း တွေ့ဖူးကြုံဖူးခဲ့ပြီ။ သို့သော် ကျွန်တော့်ဆရာတွေကြားထဲမှ ဤဆရာဟာရွှန်းကိုကား ဘယ်တော့မျှမမေ့ပါ။ အခြားသောသူ့တပည့်များကလည်း ကျွန်တော့်လိုပင်ရှိကြလိမ့်မည်။ သို့သော် ထူးဆန်းသည်မှာ ဆရာဟာရွှန်းက သူ့တပည့်များအားလုံးကို မမေ့ခြင်းဖြစ်သည်။

ဆရာဟာရွှန်းသည် အထက်တန်းများအတွက် အင်္ဂလိပ်စာပြဆရာဖြစ်လေသည်။ သို့သော် လိုအပ်လာလျှင် အခြားဘာသာများကိုလည်း သင်ပေး၏။ ကျွန်တော့်အဖို့ဆိုလျှင် ဆရာဟာရွှန်းသည် အောင်မြင်သောအင်္ဂလိပ်စာပြဆရာမျှသာမဟုတ်။ ကျွန်တော့်အား စာရေးဆရာဖြစ်အောင် အခြေခံစာပေအတတ်ပညာကိုလက်ဦးပေးလိုက်သောဆရာဖြစ်ပေသည်။ ကျွန်တော့်ဦးနှောက်ထဲတွင် ကိန်းအောင်းနေသော အနုပညာစိတ်ဓာတ်ကို သော့နှင့်ဖွင့်ပေးလိုက်သူဖြစ်လေသည်။

ဆရာဟာရွှန်းသည် အင်္ဂလိပ်စာစီစာကုံးသင်ကြားပို့ချရင်း သလ္လာဝတီမြစ်၏ အလှအပကိုခြယ်မှုန်းပြသည်။ နေဝင်ဆည်းဆာအချိန်မှာ ကျောက်ဆောင်ပေါ်ထိုင်ရင်း တသွင်သွင်စီးဆင်းနေသောရေအလျဉ်ကို ကြည်နူးရသည့် သုခ၊ တသုန်သုန်တိုက်ခတ်လာသော လေပြည်လေညင်းကို ရှူရှိုက်ရသည့်အရသာ၊ နေဝင်ရာသို့ ဦးတည်ပျံသန်းနေသော ငှက်အုပ်ကြီးနှင့် စီးသွားရသည့်စိတ်ကူး။

ဆရာဟာရွှန်းသည် ကျွန်တော်တို့၏စိတ်ကူးဉာဏ်ကို အဆန်းတကြယ် ကွန့်မြူးစေသည်။ ကျွန်တော်တို့၏ စိတ်ကူးများကို ပန်းကုံးသီသလို အစီအစဉ်ပြေပြစ်စွာ ကုံးတတ်၊ သီတတ်အောင် သင်ပြသည်။ ရှင်းလင်းလွယ်ကူသော စကားလုံးကလေးများကို နေရာတကျသုံးပြီး တန်ဆာဆင်တတ်အောင် နည်းပေးသည်။

ဆရာဟာရွှန်းသည် ထူးချွန်သောကျောင်းဆရာ တစ်ဦးဖြစ်သည်သာမက ကျွန်တော်တို့ ကျောင်းပြင်ရောက်တော့လည်း ကိစ္စများစွာတွင် ကျွန်တော်တို့၏ ဘဝလမ်းညွှန်အဖြစ် ရပ်တည်နေခဲ့လေသည်" စသဖြင့် ငယ်ဆရာ၏ဂုဏ်ကျေးဇူးကို တခုတ်တရ ရေးသားဖော်ပြခဲ့သည်။

❖❖❖❖❖❖

**ဆရာကြီး မောင်ထင်၏ ဆရာ**

"ဘောခွေ့၊ အိုအချင်းတို့။ ထေ၊ လာကြကုန်လော့။ ထိုမွန်မြတ်သောတရားကို နာကြကုန်အံ့။ ရှေးသရောအခါ မျောက်တစ်ကောင်သည် အင်္ဂလန်ကျွန်း၌ ကမြင်းကြောထ၍ နေလေသတတ်။ ထိုသရောခါ အင်းထဲမှ လိပ်တစ်ကောင်သည် ထိုကျွန်းပေါ်သို့ မျက်စိလည်လမ်းမှား၍တက်လာလေသတည်း။ ထိုသည့်နေ့မှစ၍ ခေါင်းပေါ်တွင် ဗိုလ်ကေခွဲထားသောမျောက်သည် အင်းထဲကလိပ်နှင့် စုလျားရစ်ပတ် လက်ထပ်လေရာ အင်္ဂလိပ်ဟူသော သတ္တဝါသည် လောကကြီးထဲမှ ဗိုလ်ကေခွဲကာ ထွက်ပေါ်လာလေသတည်း။"

**အဆီအငေါ်မတည့်သော နိုင်ငံရေးတရား**

ဆရာဦးဘိုးချိန်၏ကျေးဇူးကို ကျွန်တော်မမေ့ပါ။ ကျွန်တော်သည် ကလေးအရွယ်ပင် ဖြစ်ပါသော်လည်း ထိုမျှလောက်အဆီအငေါ် မတည့်သောနိုင်ငံရေးတရားမျိုးကို လက်မခံနိုင်ပါ။ သို့သော် ကလေးမျှသာဖြစ်၍ ထိုဝံသာနုတရားမျိုးကို ရှုတ်ချပါသည်ဟု ဆိုဝံ့သော သတ္တိမရှိပါ။ အကယ်၍သာလျှင် ထိုစဉ်က ဆရာသမားလုပ်သူတို့က ထိုတရားကို မှားမှားမှန်မှန် အောင့်အီးသည်းခံ၍ နာယူစေမည်ဆိုပါက ကျွန်တော်၏စိတ်သည် ထိုတရားကို မည်မျှလောက်ပင် လက်မခံဘူးဟုဆိုစေကာမူ အများနှင့်အတူ မိုးခါးရေကို သောက်မိပေလိမ့်မည်။ သို့ရာတွင် ဆရာကြီးဦးဘိုးချိန်သည် ထိုမျှသိမ်ဖျင်းသော သမ္ဗပ္ပလဝါစာတို့ကို ဆက်လက်သည်းမခံနိုင်သဖြင့် "လူကလေးတို့၊ သိမ်ဖျင်းတဲ့စကားတွေ နားမထောင်ကြနဲ့၊ အိမ်ပြန်ကြ"ဟူ၍ ဩဝါဒပေးသောကြောင့် ကျွန်တော်တို့လည်း အိမ်သို့ ပြန်ခဲ့ကြလေသည်။

ကျေးဇူးပါပဲ ဆရာကြီးရယ်။ ဆရာကြီးသည် ထိုကဲ့သို့ ဩဝါဒမပေးလျှင် ကျွန်တော်တို့ စိတ်နုသူကလေးငယ်များသည် နောင်တစ်သက်လုံးအဖို့ သမ္ဗပ္ပလဝါစာနှင့် ဖရုသဝါစာကို ဝံသာနုတရားတော်ကြီးဟူ၍ မှတ်ထားကြရပေတော့မည်" စသဖြင့် ဆရာကြီး မောင်ထင်ကလည်း "ဗမာ့နိုင်ငံရေးသုခမိန်" စာအုပ်တွင် ဆရာ့ကျေးဇူးကို ဖော်ကျူးရေးသားခဲ့ပါ၏။

**ဆရာမြတ်တို့၏ ဂုဏ်ကျေးဇူး**

"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ"နှင့်အညီ ပြည့်ဝသော ဆရာမြတ်တို့၏ ဂုဏ်ကျေးဇူးကား အနှိုင်းဆမရှိကြီးမားလေစွ။

*စာမျက်နှာ ၉ သို့*

**" ကျွန်တော်သည် ကလေးအရွယ်ပင် ဖြစ်ပါသော်လည်း ထိုမျှလောက်အဆီအငေါ် မတည့်သောနိုင်ငံရေးတရားမျိုးကို လက်မခံနိုင်ပါ။ သို့သော် ကလေးမျှသာဖြစ်၍ ထိုဝံသာနုတရားမျိုးကို ရှုတ်ချပါသည်ဟု ဆိုဝံ့သော သတ္တိမရှိပါ။ အကယ်၍သာလျှင် ထိုစဉ်က ဆရာသမားလုပ်သူတို့က ထိုတရားကို မှားမှားမှန်မှန်အောင့်အီးသည်းခံ၍ နာယူစေမည်ဆိုပါက ကျွန်တော်၏စိတ်သည် ထိုတရားကို မည်မျှလောက်ပင် လက်မခံဘူးဟု ဆိုစေကာမူ အများနှင့်အတူ မိုးခါးရေကို သောက်မိပေလိမ့်မည်။ သို့ရာတွင် ဆရာကြီး ဦးဘိုးချိန်သည် ထိုမျှသိမ်ဖျင်းသော သမ္ဗပ္ပလဝါစာတို့ကို ဆက်လက်သည်းမခံနိုင်သဖြင့် "လူကလေးတို့၊ သိမ်ဖျင်းတဲ့စကားတွေ နားမထောင်ကြနဲ့၊ အိမ်ပြန်ကြ" ဟူ၍ ဩဝါဒပေးသောကြောင့် ကျွန်တော်တို့လည်း အိမ်သို့ ပြန်ခဲ့ကြလေသည် "**

## ပညာရေးဝန်ကြီးဌာန

## "၂၀၂၂ -၂၀၂၃ ပညာသင်နှစ်"

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကို ရေနှင့် ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်။

# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို လည်း ထည့်သွင်းချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးအတွက် ပညာသင် အခွင့်အလမ်း ပုံမှန်ပြန်လည်ရရှိစေရေးကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ၏ ပညာရေးကို ရှေးရှု၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ၁-၁၁-၂၀၂၁ ရက်နေ့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်/ ကောလိပ်များကို ၁၂-၅-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာသင်ကျောင်းများကို ၂-၆-၂၀၂၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် များစွာအဓိကကျပါသည်။ အခြေခံပညာသင်ကြားကြမည့် ကျောင်းသားလူငယ်များ ပညာရည်နို့ကို အပြည့်အဝသောက်စို့နိုင်ရန်နှင့် အရည်အသွေးပြည့်ဝပြီး ဆရာ၊ တပည့် အချိုးမျှတသည့် သင်ကြားမှုစနစ်ဖြစ်စေရန်အတွက် အတွေ့အကြုံရှိ ဆရာ/ ဆရာမများ လိုအပ်ပါသည်။ ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှ ကင်းကွာခဲ့ကြသော ပညာရေးဝန်ထမ်း ဆရာ/ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ/ ဆရာမများအနေဖြင့် နိုင်ငံသား မျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့ နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာ မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ သတ်မှတ်ပုံစံများ ဖြည့်စွက်ရန်နှင့် အယူခံလွှာတင်သွင်းရန်တို့အတွက် ၃၁ - ၅ - ၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် ဖြစ်ပါသည်။

တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအနက် တာဝန်ထမ်းဆောင်ရန် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်နေသောဝန်ထမ်းများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးဆဲ ဝန်ထမ်းများနှင့် အယူခံတင်သွင်းသည့် ဝန်ထမ်းများအား တာဝန်ပျက်ကွက်ခဲ့သည့်ကာလများကို လစာမဲ့ခွင့်အဖြစ် သတ်မှတ်၍ ကြီးလေးသော ရာဇဝတ်မှုကျူးလွန်ထားသူများမှအပ တာဝန်ပြန်လည်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

*စာမျက်နှာ ၈ မှ*

**ကျောက်သွေးသမားသည် ကျောက်အရိုင်းတုံးလေးများကို အကွက်ပေါ်၍ အရောင်အသွေး တလက်လက်တောက်ပလာအောင် နည်းမျိုးစုံဖြင့် အရွယ်အစားအမျိုးမျိုး သွေးယူတတ်သကဲ့သို့ မြတ်ဆရာသည်လည်း ကျောက်အရိုင်းတုံးလေးများနှင့်အလားတူသော လိမ္မာယဉ်ကျေးမှုမရှိ၊ စာပေပညာမတတ်သေးသော လူငယ်ကလေးများကို လိမ္မာယဉ်ကျေးလာစေရန်၊ စာပေပညာပေါက်မြောက်၍ လူ့ဂုဏ်ရည် တောက်ပစေရန် အရောင်တင်ပေးသည်။**

သို့ကြောင့်ပင် မြတ်ဆရာဟူသည် ပန်းပုသမား၊ ကျောက်သွေးသမား၊ ဥယျာဉ်မှူး၊ မာလိန်မှူးတို့နှင့် တူသည်ဟု ရှေးရှေးပညာရှင်များက ဥပမာပေး နှိုင်းယှဉ်ဖွဲ့ဆိုခဲ့ကြခြင်းဖြစ်သည်။

ပန်းပုသမားသည် သစ်အရိုင်းတုံးတို့ကို ပန်းပုရုပ်အသွင်လှပချောမွေ့ အသက်ဝင်လာအောင် ထွင်းထုတတ်သကဲ့သို့ မြတ်ဆရာသည်လည်း လူမမယ်သူငယ်အရိုင်းကလေးများကို လိုအပ်သလို သိမ်သိမ်မွေ့မွေ့သိမ်းသွင်း၍ အသိပညာအတတ်ပညာတို့ကို သင်ပေးလေသည်။ အတတ်ပညာ အဆောင်အယောင်ဖြင့် လှပတင့်တယ်သော အလိမ္မာပုံချပေးသည်။ လူ တစ်လုံး သူတစ်လုံးဖြစ်လာစေရန် အနုစိတ်အချောကိုင်ပြီး အရောင်အသွေးစုံ ခြယ်သပေးသည်။ လူ့ဘဝ မြင့်ထည်လာစေရန် မြှင့်တင်ပေးသည်။

ကျောက်သွေးသမားသည် ကျောက်အရိုင်းတုံးလေးများကို အကွက်ပေါ်၍ အရောင်အသွေးတလက်လက်တောက်ပလာအောင် နည်းမျိုးစုံဖြင့် အရွယ်အစားအမျိုးမျိုး သွေးယူတတ်သကဲ့သို့ မြတ်ဆရာသည်လည်း ကျောက်အရိုင်းတုံးလေးများနှင့်အလားတူသော လိမ္မာယဉ်ကျေးမှုမရှိ၊ စာပေပညာမတတ်သေးသော လူငယ်ကလေးများကို လိမ္မာယဉ်ကျေးလာစေရန်၊ စာပေပညာပေါက်မြောက်၍ လူ့ဂုဏ်ရည်တောက်ပစေရန် အရောင်တင်ပေးသည်။ ဉာဏ်ရည်သွက်လက်ထက်မြက်ပြီး ဘက်စုံပညာရေးအကွက်အကွင်းပေါ်အောင် လေ့ကျင့်ပေးသည်။

ဥယျာဉ်မှူးသည် သစ်သီးဝလံ ပန်းမန်ပင်တို့ဖြစ်ထွန်းအောင်မြင်လာစေရန် စနစ်တကျ မြေတောင်မြှောက် စိုက်ပျိုးတတ်သကဲ့သို့ မြတ်ဆရာသည်လည်း စာသင်သားတပည့်တို့အား အကျင့်စာရိတ္တကောင်းအောင်၊ ပညာရေးတော်အောင် စနစ်တကျမြေတောင်မြှောက်သင်ကြားပို့ချပေးသည်။

မာလိန်မှူးသည် မိမိသင်္ဘော၌ပါလာသူ ခရီးသွားတို့အား လိုရာခရီးရောက်အောင် ပို့ဆောင်ပေးသကဲ့သို့ မြတ်ဆရာသည်လည်း တပည့်တို့အား ပါရဂူမြောက်ပညာရေး တစ်ဖက်ကမ်းရောက်အောင် ပို့ဆောင်ပေး၏။ ရည်မှန်းချက် ဘဝပန်းတိုင်ကို အောင်မြင်ချောမွေ့စွာ ခရီးပေါက်အောင် ပို့ဆောင်ပေးတတ်၏။

ငယ်စဉ်ကမူ ဆရာမြတ်တို့၏ ကျေးဇူးဂုဏ်ကို ဤသို့ဂဃနဏ မသိမမြင်ခဲ့။ ယခု အသက်အရွယ်ရလာတော့ "ကျောင်းမှာမြဲနေ၊ စာပေသင်သင် သို့လျှင် သို့ဖတ်၊ သို့မှတ် သို့ရေး၊ သို့မေး သို့ဖြေ၊ သို့နေ သို့ထိုင်" စသဖြင့် ချစ်တပည့်ရင်သွေးငယ်များအား အကျိုးနှင့်အကြောင်း၊ အဆိုးနှင့်အကောင်းတို့ကို ကွဲကွဲပြားပြား ခွဲခွဲခြားခြား ဆုံးမသင်ကြားပို့ချပေးခဲ့သော မြတ်ဆရာတို့၏ ကျေးဇူးဂုဏ်ကို အမှတ်ထင်ထင်ဖြစ်ရသည်။ မိုးသည် သည်းရာမှ အနည်းငယ်စဲလာသည်။ ရှေ့တူရူရာအရပ်က မူလတန်းကျောင်းလေးတွင် တစ်ချိန်က ကျောင်းတော်သားတစ်ဦးဖြစ်ခဲ့သူ၏ အတွေးတို့ကမူ မရပ်မနား ခရီးနှင်ဆဲ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ သမ္မတကြီး ကျန်ဇီမင်းသည် ကျောင်းသားဘဝကသီဆိုခဲ့သော "အတန်းပြီးလို့ ကျောင်းဆင်းပြီ၊ ဆရာဆုံးမတဲ့စကား၊ နားထောင်ကြရဲ့လား။ ဖေတို့ မေတို့ သားအပြန်ကို မျှော်နေတယ်၊ လမ်းမှာ တို့တစ်တွေ လျှောက်မလည်နဲ့။ နောင်တစ်ခေတ် တိုင်းပြည်ကောင်းအောင် အုပ်ချုပ်ဖို့ တို့တစ်တွေကိုပဲ အားကိုးစို့။ ကြိုးစားစမ်းပါ သူငယ်ချင်းရာ၊ နက်ဖြန်ကျမှ တွေ့မယ်ကွာ"ဟူသည့် သီချင်းကို သမ္မတဖြစ်လာချိန်အထိတိုင် သူ့မှတ်ဉာဏ်တွင် စွဲထင်နေဆဲဟုဆိုသည်။ ထိုသီချင်းသည် သူ့အဖို့ တစ်ဘဝလုံးအတွက် အဓိပ္ပာယ်ရှိနေသည်ဟုလည်း ဆိုသည်။

**မိမိကျောင်းကိုကောင်းအောင် ကြိုးစားမည်**

"မိမိကိုယ်ကိုကောင်းအောင် ကြိုးစားမည်။ မိမိအတန်းကိုကောင်းအောင်ကြိုးစားမည်။ မိမိကျောင်းကိုကောင်းအောင် ကြိုးစားမည်။ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်"

ငယ်စဉ်က သည်ကျောင်းလေးမှာ အားဖြင့်မာန်ဖြင့် သံပြိုင်သီဆိုခဲ့ဖူးသော ကျောင်းကောင်စီသီချင်းသံသည် လေထဲတွင်လွင့်ပျံ့၍ထွက်ပေါ်လာလေသည်။

မိုးသည် စဲရာမှတိတ်သွားသည်။ ပတ်ဝန်းကျင်သည် မိုးကြောင့်အေးမြသွားသည်။ သစ်ပင်ပန်းမန်တို့သည် မိုးကြောင့်စိမ်းလန်းလာသည်။ နေရောင်ခြည်လည်း ယှက်ဖြာလာခဲ့ပြီ။ စာသင်ကျောင်းလေးသည်လည်း နေခြည်မှာရွှေရည်လောင်းသည့်အလား ပို၍တင့်တယ်လှပလာသည်။ ကျောင်းတွေဖွင့်တော့မည်။ တိတ်ဆိတ်ငြိမ်သက်နေသော ကျောင်းလေးသည် မကြာမီရက်ပိုင်းအတွင်း စည်ကားသက်ဝင်လာပေတော့မည်။ ပန်းကလေးများ ပွင့်တော့မည်။ ။

# စစ်မီးငြိမ်းချိန် တန်ပါပြီ

အေးကြွယ်

၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့။

တော်လှန်ရေးကောင်စီက ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ရပ်ဆိုင်းလိုက်တဲ့အချိန်။

ရဲဘော်ငွေးခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များ နဝင်းရေတိမ်ချောင်းလေးကိုဖြတ်ပြီး တောထဲကို ပြန်ဝင်သွားခဲ့ရပါတယ်။

၁၉၆၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှာ ပေါက်ခေါင်းမြို့အဝင် ကျပ်တုန်းဇရပ်မှာ ငြိမ်းချမ်းရေးဆွေးနွေးဖို့ လာရောက်ကြတဲ့ ရဲဘော်ငွေး၊ ရဲဘော်အောင်ကြီး၊ ဗိုလ်ဇေယျ၊ ဗိုလ်စိုးမောင်တို့ပါဝင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ်တွေကို ခလရ(၂၃)မှ တပ်မတော်သားတွေနဲ့ ဒေသခံပြည်သူတွေက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ပါတယ်။ အဲဒီသတင်းကို ကြားရတဲ့ မြန်မာပြည်သူတွေရဲ့ရင်ထဲမှာ အင်မတန် ကြည်နူးဝမ်းမြောက်ခဲ့ကြရပါတယ်။

တကယ်တော့ ရဲဘော်ငွေးခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီက တော်လှန်ရေးကောင်စီနဲ့ (၇)ကြိမ်တိုင်တိုင် ဆွေးနွေးခဲ့ပြီးမှ အဖြေမထွက်လို့ ကျောခိုင်းသွားခဲ့ရတာ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မြန်မာ့သမိုင်းမှာ ရင်နင့်စရာ သမိုင်းပုံရိပ်တွေထဲက ရဲဘော်ငွေးတို့ ငြိမ်းချမ်းရေးကို ကျောခိုင်းထွက်သွားတဲ့ ပုံရိပ်ကတော့ အင်မတန်စိတ်မကောင်းဖွယ်ရာ ပုံရိပ်တစ်ခုပါပဲ။ လောဘ၊ ဒေါသတွေတင်းကျမ်းပြည့်နေတဲ့ကမ္ဘာကြီးမှာ စစ်ပွဲတွေကြောင့် ကျခဲ့ရတဲ့မျက်ရည်တွေ၊ ပျက်စီးခဲ့ရတဲ့ အသက်အိုးအိမ်စည်းစိမ်ပစ္စည်းတွေ၊ ဆုံးရှုံးခဲ့ရတဲ့ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေ၊ ကြုံတွေ့ခဲ့ရတဲ့ လူမှုဒုက္ခမျိုးစုံတွေဟာ ကျွန်တော်တို့ ပြည်သူတွေအတွက် ပြောမပြနိုင်လောက်အောင် များပြားလွန်းပါတယ်။

စစ်ပွဲတွေကြား ကျွန်တော်တို့ ရှန်းကန်နေရတဲ့ဘဝတွေကိုကြည့်ရင် လှေပေါက်ကြီးနဲ့ ခရီးသွားရသလို အလွန်အန္တရာယ်များလှပါတယ်။ ဘယ်အချိန်ရေနစ်လိမ့်မလဲ၊ ဘယ်နေရာ လှေမြုပ်လိမ့်မလဲဆိုတဲ့ စိုးရိမ်သောကတွေက ကျွန်တော်တို့ဘဝတွေကို ဖိစီးလွန်းလှပါတယ်။ ဒါ့ကြောင့်လည်း ဒီနေ့အချိန်မှာ ငြိမ်းချမ်းရေးရရှိဖို့ထက် အရေးကြီးတဲ့လုပ်ငန်း မရှိဘူးလို့ နားလည်လက်ခံထားမိခဲ့ပါတယ်။

### စစ်နဲ့ငြိမ်းချမ်းရေး

စစ်နဲ့ငြိမ်းချမ်းရေးဆိုတဲ့ စကားလုံးကို ရုရှားစာရေးဆရာကြီး လီယိုတော်စတွိုင်း(၁၈၂၈-၁၉၁၀)က ကျွန်တော်တို့ ရင်ထဲရောက်အောင် လုပ်ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၄၀ ကျော်က “စစ်နဲ့ငြိမ်းချမ်းရေး” ဆိုတဲ့ ဂန္ထဝင်ဝတ္ထုရှည်ကြီးရေးပြီး ကမ္ဘာ့ပြည်သူတွေကို နား၊ မျက်စိ ဖွင့်ပေးခဲ့ပါတယ်။ ၁၉ ရာစုဦး ရုရှားနဲ့ ပြင်သစ်တို့ရဲ့ သမိုင်းနောက်ခံပုံရိပ်တွေ၊ ဇာဘုရင်နဲ့ နပိုလီယံတို့ရဲ့အကြောင်းတွေ၊ စိန့်ပီတာစဘက်၊ ရောမ၊ အင်္ဂလန်၊ ဩစတြီးယားတို့ရဲ့ အကြောင်းတွေ၊ စစ်ပွဲတွေရဲ့အကြောင်း၊ စစ်မြေပြင်စစ်သို့ပန်းတွေရဲ့ အကြောင်းတွေကို ကျွန်တော်တို့နဲ့ ရင်းနှီးကျွမ်းဝင်အောင် ပြောပြပေးခဲ့ပါတယ်။ အဲဒီဝတ္ထုကြီးကြောင့်ပဲ စစ်ကိုရွံမုန်းပြီး ငြိမ်းချမ်းရေးကို ချစ်တတ်လာတယ်လို့ ပြောရမှာပါပဲ။

ငြိမ်းချမ်းရေးလို့ဆိုလိုက်တာနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းနဲ့ အငြင်းပွားမှုများကို အကြမ်းမဖက်ဘဲ ငြိမ်းချမ်းတဲ့နည်းနဲ့ ညှိနှိုင်းဖြေရှင်းခြင်းလို့ အလိုလို နားလည်လက်ခံထားမိပါတယ်။

### သက်ဆိုးရှည်ဆုံး ပြည်တွင်းစစ်

**“အမုန်းပင်မျိုး**
**သည်အမျိုးလျှင်၊ အချစ်ပင်မပေါက်**
**မုန်းညှောက်ညွန့်ကြ၊ သူ့ဘဝ၏**
**ဓမ္မတရား၊ သင်ကြားခဲ့သည်**
**သင်ဘယ်သစ်ပင်စိုက်မည်နည်း။”**

*( ဒဂုန်တာရာ၊ ၁၉၈၁ အောက်တိုဘာ၊ ရှုမဝမဂ္ဂဇင်း)*

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာ့နိုင်ငံရေးလမ်းကြောင်းဟာ လှိုင်းလေထန်ခဲ့တယ်လို့ အချို့က ဆိုကြပါတယ်။ အချို့ကတော့ နာတာရှည်ခရီးကြမ်းကြီးပါဟု ဆိုပါတယ်။ ၁၉၄၈ ခုနှစ်နောက်ပိုင်း မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းဟာ အကောင်း၊ အဆိုးတို့ ရောပြွမ်းရှုပ်ထွေးနေခဲ့တာကတော့ အမှန်ပါပဲ။ အရှေ့တောင်အာရှမှာ ပြည်တွင်းစစ်သက်ဆိုးအရှည်ဆုံး နိုင်ငံလို့တောင် ပြောစမှတ်ပြုခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက ပေါ်ပေါက်ခဲ့တဲ့ လက်နက်ကိုင်လမ်းစဉ်နဲ့ ပြည်တွင်းစစ်မီးတွေကို ဒီနေ့အချိန်ထိ အပြီးသတ် မငြိမ်းသတ်နိုင်သေးတာကလည်း အဖြေမရှိတဲ့ ပုစ္ဆာတစ်ပုဒ်လို ဒါမှမဟုတ် နာတာရှည်ရောဂါဆိုးကြီးတစ်ခုလို ဖြစ်နေခဲ့ပါတယ်။

လွတ်လပ်ရေးရပြီး နှစ်လအကြာမှာ ဗကပတို့ တောခိုခဲ့ပြီး ပြည်တွင်းစစ်ကို ကြိုးစိုးခဲ့ပါတယ်။ အဲဒီအချိန်ကတည်းကစပြီး တိုင်းပြည်လည်း စစ်မီးတွေနဲ့ ဘေးကျပ်နံကျပ် ဖြစ်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီး တစ်နှစ်တာကာလ ပြည်တွင်းစစ်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေဟာ အံ့မခန်းလောက်အောင်ပါပဲ။ အဲဒီပျက်စီးမှုတွေနဲ့ပတ်သက်ပြီး ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ ပြည်ထောင်စုသစ္စာတော်ခံလူထုအစည်းအဝေးမှာ ဝန်ကြီးချုပ် ဦးနုက –

- “အဆောက်အအုံ၊ တံတား၊ မီးရထားအစရှိတဲ့ ပြည်သူလူထုပိုင် ပစ္စည်းတွေ အဖျက်အဆီးခံရတဲ့အတွက် သိန်း (၃၆၀) ဖိုးလောက် ပျက်စီးသွားပြီ။
- ငွေတိုက်အဖောက်ခံရတဲ့ ပြည်သူလူထုငွေတွေ သိန်း(၁၂၅)သိန်းကျော်လောက် ပျောက်သွားပြီ။
- အဓမ္မမှုတွေကြောင့် အခွန်တော်ငွေနဲ့ ပြည်ထောင်စုရဲ့ နိုင်ငံတော်ဝင်ငွေ သိန်းပေါင်း (၂၀၀၀)ကျော် ဆုံးရှုံးပျက်စီးသွားပြီ။
- အဓမ္မမှုတွေကို နှိမ်နင်းဖို့ အရန်ရဲတပ်၊ စစ်ရဲတပ်၊ စစ်ဝန်ထမ်းတွေ ထပ်ပြီး ဖွဲ့စည်းခဲ့ရတဲ့အတွက် မူလကုန်ကျပြီးဖြစ်တဲ့ ကာကွယ်ရေးစရိတ်အပြင် တစ်နှစ်ကို သိန်း(၃၀၀) ကျော် ထပ်ပြီး ကုန်နေပြီ။
- သေကျေပျက်စီးရတဲ့ လူတွေရဲ့ အရေအတွက်ဟာ အနည်းဆုံး (၃၀၀၀၀)ထက် မနည်းဘူး”လို့တွက်ချက်ပြောကြားခဲ့ပါတယ်။

အဲဒီဆုံးရှုံးမှုတန်ဖိုးတွေဟာ ယခုခေတ်ငွေတန်ဖိုးနဲ့မဟုတ်ဘဲ အဲဒီခေတ် အဲဒီအခါက ရွှေတန်ဖိုး၊ ငွေတန်ဖိုးတွေနဲ့ နှိုင်းယှဉ်ရင် အင်မတန်များပြားတဲ့ ဆုံးရှုံးမှုများဖြစ်ပါတယ်။ နောက်ပြီး အဲဒီဆုံးရှုံးမှုတွေဟာ ပြည်တွင်းစစ်ဖြစ်ပြီး တစ်နှစ်တာကာလရဲ့ ဆုံးရှုံးမှုမျှသာ ဖြစ်ပါတယ်။ ပြည်တွင်းစစ်ဖြစ်ပွားခဲ့တဲ့ နှစ်ပေါင်း (၇၀) ကျော်ကာလတစ်လျှောက် တိုင်းပြည်နဲ့ ပြည်သူတွေရဲ့ ဆုံးရှုံးမှုတွေကို အဲဒီလိုတွက်ဆကြည့်မယ်ဆိုလျှင် ကျွန်တော်တို့အားလုံး အံ့ဩကြရမှာ အမှန်ပါပဲ။

ပြည်တွင်းစစ်နဲ့ ဗကပတို့ အကြောင်းပြောရမယ်ဆိုရင် သခင်သန်းထွန်းအကြောင်းကို ချန်ထားခဲ့လို့ရမယ်မထင်ပါဘူး။ ဗကပတို့က သခင်သန်းထွန်းကို နှစ်ပေါင်းများစွာ ခေါင်းဆောင်တင်ပြီး လက်နက်ကိုင်လမ်းစဉ်ကို ကျင့်သုံးခဲ့ပါတယ်။ သခင်သန်းထွန်းနဲ့ ဗကပတို့ ကျဆုံးရခြင်းဟာ ကွန်မြူနစ်ဝါဒနဲ့ လက်နက်ကိုင်လမ်းစဉ်ကြောင့်လို့ ဆိုနိုင်သလို အမျိုးသားနိုင်ငံရေးအပေါ် ခံယူကျင့်သုံးခဲ့မှု အားနည်းခဲ့ခြင်းကြောင့်လို့လည်း ဆိုရမှာပါပဲ။

> **“ လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပေါ်ခဲ့တဲ့ စစ်ပွဲများရဲ့ခါးသီးမှုများက အင်မတန် အရုပ်ဆိုး အကျည်းတန်လှပါတယ်။ ထိုခါးသီးမှုတွေကို ကျွန်တော်တို့အားလုံး ဆင်ခြင်သတိပြု သင်ခန်းစာယူကြရမှာ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ပြည်တွင်းစစ်မီးများနဲ့ နိုင်ငံရေးမိုးသက်မုန်တိုင်းများကြား ပြေးလွှားဖြတ်သန်းခဲ့ဖူးသူတစ်ဦးရဲ့ ဖြောင့်ဆိုချက်တစ်ခုပေးရမည်ဆိုရင် ငြိမ်းချမ်းရေးမရှိရင် အခြားစီးပွားရေး၊ လူမှုရေး အားလုံးပြိုလဲသွားနိုင်တဲ့အတွက် အနာဂတ်မျိုးဆက်များအတွက် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်းဆုံးထားပေးခဲ့ဖို့ အချိန်တန်ပါပြီ”**

အမျိုးသားရေးဝါဒနဲ့ အမျိုးသားနိုင်ငံရေးဆိုတာဟာ လူထုလူတန်းစားအရေး၊ လူမျိုးရေး၊ ဝါဒရေးတို့ထက် အရေးကြီးတယ်ဆိုတာ သူတို့သတိမပြုမိခဲ့ကြပါဘူး။ ဘယ်နိုင်ငံရဲ့ အမျိုးသားရေးဝါဒကိုပဲကြည့်ကြည့်၊ မိမိတို့ဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်းနဲ့ သီးခြားခွဲထွက်မနေဘဲ ဆက်စပ်နေကြတာကို တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အမျိုးသားရေးဝါဒ (ဝါ) အမျိုးသားနိုင်ငံရေးဆိုတာကတော့ ကျွန်တော်တို့ ဒီနေ့ပြောနေတဲ့ ဒွိတာဝန်အရေးသုံးပါးပဲလို့ ပြောကြရမှာဖြစ်ပါတယ်။

### နိုင်ငံရေးနည်းနဲ့ အဖြေရှာ

တကယ်တော့ စစ်ပွဲတိုင်းဟာ နိုင်ငံရေးနဲ့ ကင်းလွတ်တာတော့မဟုတ်။ နိုင်ငံရေးနဲ့ ညှိနှိုင်းအဖြေရှာကြရမှာသာ ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးအရ လွတ်လပ်မှုတွေရှိလာပါပြီ။ ယခင်က မပြောနိုင်တဲ့ကိစ္စတွေ၊ မပြောရဲတဲ့ကိစ္စတွေကို ပြောရဲဆိုရဲ ပြောနိုင်ဆိုနိုင်ကြပါပြီ။ ယခင်က မမျှော်လင့်ရဲတာတွေ မျှော်လင့်နိုင်ပြီ။ ယခင်က မမက်ရဲခဲ့တဲ့ အိပ်မက်တွေကိုလည်း မက်ခွင့်ရနေပါပြီ။ တစ်နည်းအားဖြင့်ပြောရရင် ကမ္ဘာ့နိုင်ငံအားလုံး မျက်နှာမူရာဖြစ်နေတဲ့ ဒီမိုကရေစီစနစ်ကို စနစ်တကျပြောင်းလဲနိုင်ခဲ့ပြီး နိုင်ငံရေးအသစ်၊ ယဉ်ကျေးမှုအသစ်၊ ဇာတ်ကောင်အသစ်တွေကိုလည်း ပြောင်းလဲပေးနိုင်ခဲ့ပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ရာစုနှစ်ဝက်လောက် ကင်းကွာနေတဲ့ ဒီမိုကရေစီစနစ်ကို ပြန်လည်အသက်သွင်းပေးနိုင်ခဲ့ပြီဆိုတော့ အရေးကြီးတဲ့နိုင်ငံရေး အလှည့်အပြောင်းကြီးတစ်ခုကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ကြပါပြီလို့ ပြောနိုင်ပါတယ်။

အဲဒီလိုရရှိထားတဲ့ နိုင်ငံရေး၊ စီးပွားရေး ဖြစ်ထွန်းမှုများကို ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်များနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။ အစိုးရအဆက်ဆက်က ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ ကြိုးပမ်းခဲ့ကြပေမယ့် လုံးဝအဆုံးသတ်သွားသည်အထိတော့ ယနေ့အထိ မလုပ်နိုင်ခဲ့ကြသေးပါဘူး။ တကယ်တော့ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ဆိုတာ အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းနဲ့ မလုံလောက်ပါဘူး။ လက်နက်ကိုင် ပဋိပက္ခတွေရဲ့ဇာစ်မြစ်ကို ဖြေရှင်းနိုင်ဖို့အတွက် နိုင်ငံရေးနည်းလမ်းနဲ့လည်း ဖြေရှင်းပေးကြရမှာ ဖြစ်ပါတယ်။

### အားကျစရာ သက်တံရောင်ဆွေးနွေးပွဲ

ငြိမ်းချမ်းရေးဆော်ဩသံတွေ ကြားရတိုင်း ကျွန်တော့်မျက်စိထဲမှာ မန်ဒဲလားတို့ ဦးဆောင်ဦးရွက်ပြုခဲ့ကြတဲ့ တောင်အာဖရိက ဆွေးနွေးပွဲများကို မြင်ယောင်မိပါတယ်။ အသားအရောင် ခွဲခြားမှုပဋိပက္ခမျိုးစုံဖြစ်ပွားခဲ့တဲ့ တောင်အာဖရိကငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကျွန်တော်တို့ အားကျအတုယူစရာ ကောင်းလှပါတယ်။ မျိုးနွယ်စုပေါင်း ၁၈၄ ခု၊ လူ့အဖွဲ့အစည်းပေါင်း ၅၆၀ ခန့်ရှိတဲ့ တောင်အာဖရိကနိုင်ငံရဲ့ အမျိုးသားသီချင်းသံကို နားထောင်လိုက်ရုံနဲ့ သူတို့ရဲ့အနာဂတ်၊ သူတို့ရဲ့မျိုးဆက်တွေအတွက် သူတို့ဘယ်လို တာဝန်ကျေခဲ့ကြတယ်ဆိုတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

“အနာဂတ်မျိုးဆက်အတွက် ဒီသီချင်းကို ဆိုပါတယ်။ အားလုံးပါဝင်ပြီး သာတူညီမျှရှိတဲ့ လူ့အဖွဲ့အစည်း တည်ဆောက်ပါတယ်” ဆိုတဲ့ စာသားတွေကို လူ့အဖွဲ့အစည်း ၁၃ ခုကို ကိုယ်စားပြုတဲ့ ဘာသာစကား ၁၃ မျိုးနဲ့ စပ်ဆိုထားတဲ့ သီချင်းသံတွေဟာ အဓိပ္ပာယ်ပေါင်း မြောက်မြားစွာကို ဖော်ကျူးနေကြပါတယ်။

အဲဒီလိုသီချင်းမျိုး ရေးဖွဲ့သီဆိုဖို့ သူတို့ဘယ်လောက်ဆောင်ရွက်ခဲ့ရတယ်။ ဘယ်လောက်အားထုတ်ခဲ့ရတယ်ဆိုတာကို လေ့လာကြည့်ရင် သင်ခန်းစာယူစရာတွေ များစွာတွေ့ရပါလိမ့်မယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲ နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ်ပြုလုပ်တဲ့ ဆွေးနွေးပွဲကို အရောင်အသွေးစုံညီမှု၊ မတူကွဲပြားမှုတွေအပေါ် နားလည်လက်ခံမှုကို ပြသနိုင်ဖို့အတွက် သက်တံရောင် (Rainbow) ဆွေးနွေးပွဲအဖြစ် ခေါ်ဝေါ်ကျင်းပခဲ့ပါတယ်။ ပထမအကြိမ် ကျင်းပခဲ့တဲ့အချိန်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လမ်းပြမူဘောင် (Structure) ကောင်းကောင်းမချနိုင်ခဲ့ရုံသာမက ပြဿနာရဲ့အရင်းအမြစ်ကို ဆန်းစစ်ဆောင်ရွက်မှု အားနည်းခဲ့တဲ့အတွက် ပျက်ပြားသွားခဲ့ရတာ တွေ့ရပါတယ်။

ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မန်ဒဲလားက “အပြောင်းအလဲတစ်ခုလုပ်မည်ဆိုရုံသက်သက်နဲ့တော့ စကားထိုင်မပြောချင်ဘူး၊ တစ်ခုခုကို ဖော်ဆောင်ပေးဖို့ပဲ အပြောင်းအလဲကို လုပ်ချင်ပါသည်” ဟု သူ့ရဲ့ဆန္ဒနဲ့ ရပ်တည်ချက်ကို အတိအလင်းပြောကြားကာ ငြိမ်းချမ်းရေးအတွက် သက်တံရောင် ဆွေးနွေးပွဲများကို စတင်ကန့်လန့်ကာ ဖွင့်ပေးခဲ့ပါတယ်။

ဆွေးနွေးပွဲများမှာ “တောင်အာဖရိကမှာရှိတဲ့ ပြည်သူပြည်သားအားလုံးရဲ့ ဆန္ဒဖြည့်ဆည်းဖို့ စေ့စပ်ဆွေးနွေးမယ်” လို့ ကြေညာပြီး ဆောင်ရွက်ခဲ့တဲ့အတွက် ပဋိပက္ခများ ချုပ်ငြိမ်းသွားခဲ့ပါတယ်။ တကယ်တမ်းပြောရရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ အပစ်အခတ်ရပ်စဲရေးတစ်ခုလောက်သာ ဆောင်ရွက်တာမဟုတ်ပါဘူး။ နိုင်ငံရဲ့အနာဂတ်ကို ဘယ်လိုပုံဖော်ကြမယ်ဆိုတာကိုပါ ဆွေးနွေးရတဲ့ လုပ်ငန်းစဉ်တစ်ခုပါ။ မတူညီတဲ့အမြင်တွေနဲ့ အစပြုပြီး မတူညီတဲ့ ရည်မှန်းချက်တွေကို စုစည်းကာ အားလုံးလက်ခံနိုင်မယ့် ဘုံရည်မှန်းချက်မျိုး ဖန်တီးယူခြင်းလို့ နားလည်မိပါတယ်။

*စာမျက်နှာ ၁၁ သို့*

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အမှတ်(၂၄)ရပ်ကွက်နေ ဇော်ထိုက်နှင့် ကျော်မင်းနိုင်(ခ)ဆံရှည်တို့သည် ၎င်းတို့အသုံးပြုသည့် "Zaw Htike" Facebook အကောင့်နှင့် "Kyaw Min Naing" Facebook အကောင့်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဧရာရပ်ကွက်နေ ခင်မောင်မြင့်(ခ)ဦးဒိတ်သည် ၎င်းအသုံးပြုသည့် "Khin Maung Myint" Facebook အကောင့်၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ် အမှတ်(၁) ရပ်ကွက်နေ ကျော်ကျော်အောင်သည် ၎င်းအသုံးပြုသည့် "Kyaw Kyaw Aung" Facebook အကောင့်၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အမှတ်(၂)ရပ်ကွက်နေ ဖိုးခွား(ခ)ဇော်ဇော်ဦးသည် ၎င်းအသုံးပြုသည့် "Zaw Zaw Oo" Facebook အကောင့်၊ ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာနေ စာရင်းစစ်ရုံးမှ ဦးစီးအရာရှိ မို့မို့လွင်သည် ၎င်းအသုံးပြုသည့် "Jewel Lwin Lwin" Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် တရုတ်စုရပ်ဝါးရုံလမ်းနေ လှိုင်ကိုမင်းသည် ၎င်းအသုံးပြုသည့် "Khin Thu" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

အဲဒီလို တောင်အာဖရိက သက်တံရောင်ဆွေးနွေးပွဲမျိုးကို ကျွန်တော်တို့နိုင်ငံအတွက် စိတ်ကူးဖြင့် အကြိမ်ကြိမ် အိပ်မက်မက်ခဲ့ဖူးပါတယ်။

**စစ်မီးငြိမ်းချိန်တန်ပါပြီ**

အိပ်ချ်ဂျီဝဲလ်က "စစ်ပွဲတွေကို ကျွန်တော်တို့ အဆုံးသတ်ချင်သတ်၊ အဆုံးမသတ်နိုင်ရင်တော့ စစ်ပွဲတွေက ကျွန်တော်တို့ကို အဆုံးသတ်လိမ့်မယ်" ဟု ပြောခဲ့ဖူးပါတယ်။ တကယ်တော့ စစ်ပွဲဆိုတာဟာ အဖြေမဟုတ်ဘူးဆိုတဲ့ သဘောတရားကို ကျွန်တော်တို့အားလုံး နားလည်လက်ခံသင့်ပါပြီ။ ပြည်တွင်းစစ်မီးများကြောင့် ကျွန်တော်တို့ ပြည်သူများရဲ့ အသက်အိုးအိမ်ဥစ္စာတွေ၊ လွတ်လပ်ပျော်ရွှင်မှုတွေ ဘယ်လောက်ဆုံးရှုံးခဲ့ရတယ်ဆိုတာ အားလုံး အသိပင်ဖြစ်ပါတယ်။ ကုန်ကုန်ပြောရရင် တိုင်းပြည်ရဲ့ ကံကြမ္မာကိုတောင် စတေးပေးခဲ့ရပါတယ်။ ယနေ့အချိန်မှာ စစ်ပွဲနဲ့ဖြေရှင်းတဲ့နည်းကို အပြီးအပိုင် စွန့်လွှတ်ကြစေချင်ပါတယ်။

ပြန်ကြည့်ရင် ညီအစ်ကိုအချင်းချင်း စစ်ခင်းကြရတဲ့အတွက် မည်သူနိုင်နိုင် မည်သူရှုံးရှုံး အကြွင်းသုညဂိမ်းသာ ဖြစ်ပါတယ်။ နှစ်ဖက်စလုံး အနိုင်ရစေမယ့်နည်းကတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ အပြေအလည်ညှိနှိုင်းဆွေးနွေးဖို့သာ ဖြစ်တယ်။ မိမိတို့မျှော်လင့်ထားသလောက် အကျိုးရလဒ် မရလင့်စေဦးတော့ ပြည်သူ့မျက်နှာကို ထောက်ထားပြီး ဆွေးနွေးပွဲ၊ စကားဝိုင်းများမှာ ခြေမြဲလက်မြဲ ပါဝင်ဆွေးနွေးစေချင်ပါတယ်။ ကျွန်တော်တို့ပြည်သူတွေကတော့ နောက်တစ်ကြိမ် ပြည်သူကို ကျောခိုင်း ထွက်ခွာသွားခြင်းမျိုး မပြုလုပ်ကြပါနဲ့လို့သာ ကြိတ်၍ ဆုတောင်းနေမိပါတယ်။

မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တစ်ခုရဲ့ ပုံသဏ္ဌာန်ဟာ နိုင်ငံသမိုင်းကြောင်း နောက်ခံအနေအထား၊ ပဋိပက္ခဖြစ်ပွားမှုပုံစံတို့ရဲ့ လွှမ်းမိုးမှုအောက်မှာ ဖြစ်ပေါ်လာရပါတယ်။ ယနေ့ကျင်းပပြုလုပ်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများဟာ မြန်မာနိုင်ငံငြိမ်းချမ်းရေးအတွက် နှစ်ပေါင်းများစွာ ကျွန်တော်တို့ မက်ခဲ့မိတဲ့ အိပ်မက်၊ ကျွန်တော်တို့ရဲ့ အနာဂတ်လို့ ဆိုနိုင်ပါတယ်။

ဖြစ်နိုင်မယ်ဆိုရင် ယနေ့အချိန်မှာ "စစ်"ဆိုတဲ့ အသံပင် မကြားချင်တော့ပါ။ လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပေါ်ခဲ့တဲ့ စစ်ပွဲများရဲ့ခါးသီးမှုများက အင်မတန်အရုပ်ဆိုး အကျည်းတန်လှပါတယ်။ ထိုခါးသီးမှုတွေကို ကျွန်တော်တို့အားလုံး ဆင်ခြင်သတိပြု သင်ခန်းစာယူကြရမှာ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ပြည်တွင်းစစ်မီးများနဲ့ နိုင်ငံရေးမိုးသက်မုန်တိုင်းများကြား ပြေးလွှားဖြတ်သန်းခဲ့ဖူးသူတစ်ဦးရဲ့ ဖြောင့်ဆိုချက်တစ်ခု ပေးရမည်ဆိုရင် ငြိမ်းချမ်းရေးမရှိရင် အခြားစီးပွားရေး၊ လူမှုရေး အားလုံး ပြိုလဲသွားနိုင်တဲ့အတွက် အနာဂတ်မျိုးဆက်များအတွက် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်းဆုံး ထားပေးခဲ့ဖို့ အချိန်တန်ပါပြီလို့ ဆိုချင်ပါတယ်။ ။

❖ *ကျောဖုံးမှ*

စနစ်တကျ လက်ဆေးသန့်စင်စေခြင်း၊ ကျောင်းသားစာရင်းပေးသွင်းရာတွင်လည်း တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးအလိုက် တန်းစီစေ၍ ကျောင်းအပ်နှံနိုင်စေရေး ဆောင်ရွက်ပေးသည်။

ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင် က "အခြေခံပညာကျောင်းအားလုံးကို ဇွန် ၂ ရက်နေ့မှာ စတင်ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ ဒီနေ့ကတော့ ကျောင်းအပ်နှံရေးရက်သတ္တပတ်အနေနဲ့ ကျောင်းအပ်လက်ခံနေခြင်း ဖြစ်ပါတယ်။ ကျောင်းသားမိဘတွေအနေနဲ့လည်း လွတ်လွတ်လပ်လပ်နဲ့ ကလေးတွေကို ကျောင်းအပ်နှံနိုင်အောင် ကျွန်တော်တို့အနေနဲ့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ကျောင်းအပ်လက်ခံတဲ့အချိန်ကတော့ နံနက် ၉ နာရီကနေ ညနေ ၄ နာရီအထိဖြစ်ပါတယ်။ ရှေ့နှစ်တွေတုန်းက အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ခဲ့ရတဲ့ ကလေးတွေကိုလည်း သူတို့တက်ရမယ့်အတန်းအလိုက် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

"ပြီးခဲ့တဲ့နှစ်တွေမှာ ကျွန်တော်တို့ကျောင်းအနေနဲ့ ကျောင်းသား၊ ကျောင်းသူပေါင်း ၁၁၄၇ ဦး ရှိပါတယ်။ အခုနှစ်မှာတော့ ခန့်မှန်းခြေ ကျောင်းသား၊ ကျောင်းသူဦးရေ ၁၁၀၀ ကျော်ရှိပါမယ်။ ကျောင်းသား၊ ကျောင်းသူအသစ်တွေကိုလည်း ကျောင်းရဲ့ဝင်ဆံ့အင်အားအရ လက်ခံနိုင်သလောက် လက်ခံသွားဖို့ စီစဉ်ထားပါတယ်။ ဒီနေ့ ပထမဦးဆုံးနေ့အနေနဲ့ ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ ၄၈၀ လာရောက်အပ်နှံတာကို တွေ့ရပါတယ်။ ကျောင်းလာရောက်အပ်နှံတဲ့ ကျောင်းသား၊ ကျောင်းသူတွေ လုံခြုံရေးအတွက်ကိုလည်း ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ပညာသင်နှစ်တစ်နှစ်စတော့မယ်ဆိုတော့ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ လွတ်လပ်ပျော်ရွှင်စွာနဲ့ ကျောင်းကိုလာရောက်နေကြတာ တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်က ကျောင်းသား၊ ကျောင်းသူ ၅၀ ရာခိုင်နှုန်းနီးပါး ကျောင်းအပ်နှံရေးပထမဆုံးနေ့မှာပဲ လာရောက်အပ်နှံတာ တွေ့မြင်ရပါတယ်။ ကျောင်းဖွင့်တဲ့အချိန်မှာလည်း အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ဖို့အတွက်လည်း ကျွန်တော်တို့အားလုံး စီစဉ်ဆောင်ရွက်ထားပြီးပါပြီ။ ဆရာ၊ ဆရာမအင်အားလည်း ပြည့်စုံလုံလောက်မှုရှိပါတယ်။ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာသွားမှာပါ" ဟု ပြောသည်။



ကျောင်းအုပ်ဆရာကြီး
ဦးဝင်းခိုင်



ကျောင်းအုပ် ဆရာမကြီး
ဒေါ်ခင်မြင့်ရီ

ကျောင်းအပ်နှံရာတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် မည်သည့်ငွေကြေးမှ မကောက်ခံဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးနေပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် ကိုဗစ် – ၁၉ ရောဂါကာကွယ်နိုင်ရန်အတွက် Mask များကိုလည်း ထောက်ပံ့ပေးလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက "၂၀၂၂ – ၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်တွေ အဆင်ပြေစေဖို့ ကြိုတင်ပြင်ဆင်မှုများစွာ လုပ်ဆောင်ရပါတယ်။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး၊ စာသင်ခန်းပြင်ဆင်ရေး၊ ကျောင်းအပ်လက်ခံဖို့ ဝင်ခွင့်ဖောင်၊ ကျောင်းအတွက် ပညာရေးဌာနကပေးမယ့် အခမဲ့ပညာရေးပစ္စည်းထုတ်ယူရေးတွေကို တာဝန်အသီးသီးခွဲဝေပေးပြီး အဆင့်ဆင့်ပြင်ဆင်ခဲ့ရပါတယ်။ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်အနေနဲ့လည်း ကျောင်းသား၊ ကျောင်းသူတွေအားလုံး ကိုဗစ် – ၁၉ ကာကွယ်ဆေး ပြီးစီးအောင်ထိုးနှံနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက်လည်း ကျွန်မတို့ကျောင်းမှာ ပြင်ဆင်မှုတွေအားလုံးဆောင်ရွက်ထားပါတယ်။ ကျောင်းလုံခြုံရေးအတွက်လည်း တာဝန်တွေခွဲဝေပြီး ဆောင်ရွက်ထားပါတယ်။ ကျောင်းဖွင့်ဖို့အတွက် ကျွန်မတို့ကျောင်းအနေနဲ့ အဆင်သင့်ဖြစ်နေပါပြီ။

"ကျွန်မတို့ကျောင်းမှာ School Bus ခြောက်စီးရှိပါတယ်။ အဝေးကနေ ကျောင်းလာတက်မယ့်ကလေးတွေကို ဒီ School Bus တွေနဲ့ အပို့ အကြို လုပ်ပေးပါတယ်။ ကလေးတွေအတွက် ကျောင်းဝတ်စုံတွေကိုလည်း စာသင်နှစ်အတွင်း ထောက်ပံ့သွားမှာ ဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေအနေနဲ့လည်း စာသင်ကြားရာမှာ ထိရောက်မှုရှိစေဖို့အတွက် စွမ်းရည်မြှင့်သင်တန်းတွေလည်း တက်ခဲ့ပါတယ်။ ၂၀၂၂ – ၂၀၂၃ ပညာသင်နှစ်အတွက် Grade – 5 သင်ရိုးသစ်စွမ်းရည်မြှင့် သင်တန်းကို ကျွန်မတို့ကျောင်းက ဆရာ၊ ဆရာမတွေအားလုံး တက်ရောက်ပြီး ဖြစ်ပါတယ်။ အလယ်တန်းအဆင့်မှာလည်း Grade – 8 သင်ရိုးသစ်အတွက်လည်း တက်ရောက်ပြီးပါပြီ။ Grade – 11 စွမ်းရည်မြှင့် သင်တန်းမှာတော့ ဗဟိုအဆင့်မှာ သင်တန်းတက်ရောက်သူပါသလို တိုင်းအဆင့်မှာလည်း တက်ရောက်သူတွေပါဝင်ပါတယ်။ မြို့နယ်အဆင့်မှာလည်း အထက်တန်းပြတွေအားလုံး စွမ်းရည်မြှင့်သင်တန်းတွေ အားလုံးတက်ရောက်ပြီးပါပြီ။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ခဲ့ရတဲ့ ကလေးတွေအားလုံးကို အခုကျောင်းအပ်လက်ခံနေပါပြီ။ ရပ်ကွက်တွေကိုလည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးကနေတစ်ဆင့် ကျောင်းလာတက်ဖို့ ကြေညာခိုင်းထားပါတယ်။ ဒီနေ့လည်း ကျောင်းနားထားတဲ့ကလေးတွေ အများကြီး ကျောင်းလာအပ်ကြပါတယ်။ ဒီနေ့ မနက်ခင်းပိုင်းတင် ကျောင်းသား၊ ကျောင်းသူပေါင်း ၃၅၀ နီးပါး ကျောင်းအပ်ပြီးပါပြီ။ ဒါကြောင့် ကျောင်းသား၊ ကျောင်းသူတွေအားလုံး ကျောင်းလာရောက်တက်ကြဖို့ ဖိတ်ခေါ်လိုပါတယ်" ဟု ပြောသည်။

ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင်လည်း ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက်လည်း ကျောင်းဥပဓိရုပ်ကောင်းမွန်စေရန် ဆောင်ရွက်ထားခြင်း၊ စာသင်ခန်းများတွင်လည်း ကိုဗစ် – ၁၉ စည်းကမ်းချက်များနှင့်အညီ သတ်မှတ်အကွာအဝေးများအလိုက် စာသင်ခုံများနေရာချထားခြင်း၊ ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားသည်ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများနှင့် ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများက လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျောင်းသား၊ ကျောင်းသူများ လုံခြုံစိတ်ချစွာဖြင့် ကျောင်းတက်၊ ကျောင်းဆင်းသွားလာနိုင်ရန် ကျောင်းကြို/ပို့ယာဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီး၌ ယနေ့တွင် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မူလတန်းအဆင့်၌ ၄၇၂၂၀၊ အလယ်တန်းအဆင့်၌ ၁၆၉၈၄ ဦးနှင့် အထက်တန်းအဆင့်၌ ၆၁၇၆ ဦး စုစုပေါင်း ၇၀၃၈၀ လာရောက်အပ်နှံကြကြောင်း သိရသည်။ **အောင်သန့်၊ဓာတ်ပုံ – ကိုကိုအေး**

# ၁၉-၅-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၄)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ် မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှ အဆက်)*

**မြန်မာသံတော်ဆင့်သတင်းဌာနမှ အယ်ဒီတာချုပ် ဦးကိုကိုကြီး**က ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်သူများသတင်းမှန်သိရှိနိုင်ရန် MRTV Mobile application ကိုလွှင့်တင်ခဲ့ကြောင်း၊ သို့သော် အမေရိကန်နိုင်ငံက ကုမ္ပဏီများ၊ ပြည်တွင်း/ ပြည်ပ အဖျက်သမားများ ပူးပေါင်းပြီး နည်းပညာအသာစီးရယူ၍ website ကို နည်းမျိုးစုံဖြင့် Media နှောင့်ယှက်မှုအမျိုးမျိုး ပြုလုပ်ခဲ့ကြောင်း၊ ပြည်သူများ သတင်းမှန်သိရှိနိုင်ရန်အတွက် မိမိတို့၏ မိတ်ဆွေနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံ အကူအညီများဖြင့် သတင်းမှန်များ လွှင့်တင်နိုင်ရန် စီစဉ်ဆောင်ရွက်မှု ရှိ/မရှိ သိလိုပါကြောင်း၊ မေးခွန်း နံပါတ်(၂)အနေဖြင့် စက်သုံးဆီဈေးနှုန်း မြင့်တက်နေသည့် ကိစ္စဖြစ်ပါကြောင်း၊ စက်သုံးဆီဈေးနှုန်းမြင့်တက်သည့်အတွက် ကုန်ဈေးနှုန်းများ လိုက်ပါမြင့်တက်ပါကြောင်း၊ ဗဟိုဘဏ်မှ ဒေါ်လာများ ရောင်းချနေသော်လည်း ကုမ္ပဏီများက ဈေးမချဘဲ ဆက်လက်ရောင်းချနေသည်ကို တွေ့ရပါကြောင်း၊ ၂၀၂၂ ခုနှစ် မေ ၁၇ ရက်က အောက်တိန်းတစ်လီတာကို ၁၉၅၀ ကျပ်ရှိခဲ့ရာမှ မေ ၁၉ ရက်တွင် အောက်တိန်း တစ်လီတာကို ၂၂၅၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်သွားကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေးအတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း မေးမြန်းသည်။

**MRTV မှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်**က MRTV App သည် ၂၀၂၂ ခုနှစ် မေ ၄ ရက်က ဖွင့်ပွဲလုပ်ခဲ့ကြောင်း၊ ဖွင့်ပွဲလုပ်သည့်အချိန်ကတည်းကပင် တိုက်ခိုက်မှုများရှိခဲ့ကြောင်း၊ မိမိတို့ဘက်က ပြင်ဆင်မှုများ ပြုလုပ်ထားသည့်အတွက် နောက်တစ်ရက်အကြာတွင် ဖြုတ်ချခံခဲ့ရပါကြောင်း၊ MRTV App ကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ လတ်တလောတွင် MRTV App ကရပ်နေသော်လည်း မူလ MRTV ၏ Website ရှိပါကြောင်း၊ အခြား Social Media များတွင်လည်း မိမိတို့ App ရှိကြောင်း၊ ထို့ကြောင့် MRTV ၏ထုတ်လွှင့်မှုသည် မူလ Media အပြင် အခြား Online Media များတွင် လွှင့်ဆဲဖြစ်ကြောင်း၊ ထို့ကြောင့် MRTV အနေဖြင့် ရသည့်နည်းလမ်းမျိုးစုံဖြင့် ပြည်သူများ၏ သတင်းသိရှိပိုင်ခွင့်ကို ဆက်လက်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

## နိုင်ငံတော်အရန်ဆီ သိုလှောင်ထား

ဆက်လက်၍ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က စက်သုံးဆီနှင့် ပတ်သက်ပြီး နိုင်ငံတော် အစိုးရအနေဖြင့် supply chain တစ်ခုလုံးကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင်လုံခြုံရေးအထောက်အကူပြုစေရန်အတွက် နိုင်ငံတော်အရန်ဆီသိုလှောင်ထားပါကြောင်း၊ နိုင်ငံတော်တွင် စက်သုံးဆီ လိုအပ်ချက်ကို ပုံမှန်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အတွက် လုံလောက်သည့် စက်သုံးဆီပမာဏတစ်ရပ်ရှိသည်ဟု ပြောလိုကြောင်း၊ ဈေးနှုန်းနှင့် ပတ်သက်ပြီး စီးပွား/ကူးသန်း ဒုတိယဝန်ကြီး ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ၁၀ ဦးပါဝင်သည့် စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းထားပါကြောင်း၊ စက်သုံးဆီ အမျိုးအစားအလိုက် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်စေရန် ရန်ကုန်/ မန္တလေး လက်ကားဈေးနှုန်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးမြို့နယ်များအလိုက် လက်လီဈေးနှုန်းများ သတ်မှတ်ပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေနံနှင့်ပတ်သက်၍ ကမ္ဘာ့ရေနံဈေးနှုန်း ကြီးမြင့်လာသည့်အတွက်ကြောင့် အတိုင်းအတာတစ်ခုအထိ ကြီးမြင့်နေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စွမ်းအင်လုံခြုံရေးနှင့် ပတ်သက်ပြီး အရန်ဆီများ ထားရှိနိုင်ရေး၊ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်စေရေးအတွက် လက်လီ/လက်ကား ဈေးနှုန်းများ သတ်မှတ်ပြီး ထိန်းချုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ တင်သွင်း/ သိုလှောင်/ ဖြန့်ဖြူးရေးလုပ်ငန်းကို ကြီးကြပ်ရေးကော်မတီဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

**Gerenal Life သတင်းဌာနမှ အယ်ဒီတာ ဦးအောင်ထူးထက်**က ကျောင်းပညာရေးနှင့် ပတ်သက်ပြီး မြေပြင်တွင် မိမိတို့သတင်းထောက်



တက္ကသိုလ်အသီးသီး၌ ပညာသင်ကြားနေသည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ မှတ်တမ်းဓာတ်ပုံများ။

များသည် သွားလာနေသည့်အတွက် အရပ်စကားအရပြောရမည်ဆိုပါက အမေအာဏာရမှ ငါတို့သားသမီးများကို ကျောင်းထားမည်ဆိုခြင်းမျိုး၊ စစ်ကောင်စီလက်အောက်တွင် ငါတို့သားသမီးများ စာမသင်ဘူးဆိုခြင်းမျိုးရှိနေပါကြောင်း၊ မိမိတို့သည် မွေးကတည်းကပင် နိုင်ငံတော်၏ နိုင်ငံသားဖြစ်သည့်အတွက် ထိုအချိန်က မည်သည့်အစိုးရပင်ဖြစ်လင့်ကစား ကလေးများနှင့် ပတ်သက်ပြီး တာဝန်ရှိပါကြောင်း၊ မကြာမီအချိန်တွင် ကျောင်းများ ပြန်ပြီးလက်ခံမည်ဖြစ်ကြောင်း၊ ကျောင်းလက်ခံသည့် အချိန်တွင် သက်ဆိုင်ရာဒေသအလိုက် အစွဲဖြင့် မိမိတို့ ယခုအစိုးရ လက်ထက်တွင် မထားဘူး၊ မိမိတို့မျှော်မှန်းသည့် အစိုးရလက်ထက်ရလာလျှင် ကျောင်းထားမည်ဆိုပါက လက်ရှိအစိုးရအနေဖြင့် ကလေးများ၏ အနာဂတ်လူသားအရင်းအမြစ်နှင့် ပတ်သက်ပြီး ယိုဖိတ်သွားခြင်းကို မိဘများနှင့် ထိန်းညှိဆောင်ရွက်ဆွေးနွေးခြင်း၊ မလိုက်နာပါက အရေးယူခြင်းမျိုး စသည့်လုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး မည်သို့စီစဉ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိတို့အနေဖြင့် အသိပညာပေးခြင်းနှင့် သတိပေးခြင်းမျိုးကိုသာ လုပ်နိုင်ကြောင်း၊ ပညာရေး မည်မျှအရေးကြီးကြောင်း၊ ပညာရေးနှင့် ပတ်သက်ပြီး မည်သို့ရှိကြောင်း၊ သို့သော်လည်း ၎င်းတို့က ထိုသို့ပြောနေသော်လည်း ၎င်းတို့ သားသမီးကို ကျောင်းထားခြင်းမျိုးရှိပါကြောင်း၊ သတိပေးလိုသည်မှာ ထိုသို့ဆက်လုပ်နေပါက နားရွက်အကိုက်ခံရသည့် မိဘမျိုးဖြစ်မည်ဖြစ်ကြောင်း၊ မိဘက မဆုံးမသဖြင့် သူခိုးဖြစ်သွားသည့်ပုံပြင်ကို ကြားဖူးကြမည်ဖြစ်ကြောင်း၊ ငယ်ငယ်ကသူခိုးဖြစ်သွားသည်ကို မဆုံးမသဖြင့် ဓားပြဖြစ်သွားကြောင်း၊ ကြီးလာသည့်အခါ လူသတ်မိပြီး ခေါင်းဖြတ်သတ်ခံရခါနီးအချိန်တွင် အမေကို မည်သို့မှာလိုသနည်းဟုဆိုသည့်အခါတွင် အမေကို အနားခေါ်ပြီး နားရွက်ကို ကိုက်ဖြတ်လိုက်ကြောင်း၊ အမေမဆုံးမခဲ့၍ မိမိ အသတ်ခံရပြီဟုပြောခံရသည့် မိဘမျိုးဖြစ်မည်ဟု ပြောလိုကြောင်း၊ မိမိအနေဖြင့် ထိုသို့ ထိအောင်ပြောမှသာလျှင် နားထဲရောက်မည်ဖြစ်သောကြောင့် နားထဲရောက်အောင် ပို့ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ဆက်လုပ်နေပါက နားရွက်ကိုက်ဖြတ်ခံရသည့် မိဘမျိုးဖြစ်ပြီး ကိုက်ဖြတ်ခံရမှသာ နောင်တရမည်ဟု မိမိအသိပညာပေးလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **General Life သတင်းဌာနမှ ဦးအောင်ထူးထက်**က ဒုတိယမေးခွန်းအနေဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်နေသည့် စီမံချက်နှင့်ပတ်သက်၍ လက်ရှိအချိန်အထိ ဆောင်ရွက်ပြီးစီးသည့် ရာခိုင်နှုန်းကိန်းဂဏန်းကို ဖြေပေး၍ရပါက ဖြေပေးစေလိုကြောင်း မေးမြန်းသည်။

## သုံးသန်းကျော် ပြီးစီး

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မေ ၃ ရက်မှစပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားကတ်ကိုင်ဆောင်ခွင့်တစ်မျိုးမျိုး ထုတ်ပေးခြင်းများ ဆောင်ရွက်ပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်း၊ လုံခြုံရေး အဖွဲ့အစည်း၊ သတင်းမီဒီယာအဖွဲ့အစည်း၊ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ရပ်မိရပ်ဖများနှင့် မိမိတို့ဌာန ပူးပေါင်းဆောင်ရွက်ပါကြောင်း၊ လက်ရှိအခြေအနေမှာ လျာထားချက်၏ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း၊ အရေအတွက်အားဖြင့် သုံးသန်းကျော် ပြီးစီးပြီဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောသတင်းဌာနမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦး**က သမ္မတကြီး ဦးသိန်းစိန် လက်ထက်တွင် ဖွဲ့စည်းထားသည့် စည်ပင်သာယာရေးကော်မတီသည် နည်းဥပဒေ၊ ဥပဒေများထွက်ထားပြီးဖြစ်ကြောင်း၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ ရပ်/ကျေး အထောက်အကူပြုကော်မတီကို လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ က ပြည်သူလူထုပူးပေါင်းပါဝင်မှု ပိုမိုအားကောင်းစေရန်ဆိုသည့် အကြောင်းတရားပေါ်တွင် ပေါ်ပေါက်လာပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးကဲ့သို့သောနေရာမျိုးတွင် စည်ပင်သာယာရေးကော်မတီရှိပါကြောင်း၊ ယခင်က စည်ပင်သာယာရေးကော်မတီသည် အရပ်သားများဖြင့် သီးခြားဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်းများသည် စည်ပင်သာယာရေးလုပ်ငန်းစဉ်များကို ကြီးကြပ်ဆောင်ရွက်သည့်အခါတွင် အောင်မြင်ဖြစ်ထွန်းခဲ့ပါကြောင်း၊ အထောက်အကူပြုကော်မတီသည်လည်း မြို့နယ်၊ ရပ်/ကျေးများတွင် ပိုမို အားကောင်းလာခဲ့ပါကြောင်း၊ အများအားဖြင့် ဖွဲ့စည်းထားသည်ကို မတွေ့ရပါကြောင်း၊ နောင်တစ်ချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက “ငါ့မြင်း ငါစိုင်း” ပြီး လုပ်သွားသည်ဆိုခြင်းမျိုးကို နဂိုက ပြောလိုသည့်မီဒီယာများ ရှိခဲ့ပါကြောင်း၊ ယင်းသို့ ဖြစ်ပေါ်လာမည်ကို စိုးရိမ်သောကြောင့် မိမိကို ကရင်ပြည်နယ်တွင်ရှိသည့် မြို့မိမြို့ဖများက ယခုမေးခွန်းကို မေးစေလိုသည့်အတွက် မိမိက မီဒီယာအနေဖြင့် မေးမြန်းရခြင်းဖြစ်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခင်က ဖွဲ့စည်းထားခြင်းရှိပါကြောင်း၊ ယခုအချိန်တွင် မိမိအနေဖြင့် ဖွဲ့စည်းထားခြင်း ရှိ/မရှိ မသိပါကြောင်း၊ ထိုကိစ္စကိုမှတ်သားပြီး တင်ပြပေးမည်ဟုသာ ဖြေကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ **တဲ့ပြောသတင်းဌာနမှအယ်ဒီတာချုပ် ဦးဇော်မင်းဦး**က မိမိသည် အသက် ၅၀ ကျော်ပြီဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကြီး နေဝင်းလက်ထက်ကတည်းက မွေးခဲ့ကြောင်း၊ မိမိသည် တိုင်းရင်းသားဒေသတွင် မွေးခဲ့သည့်အတွက် စစ်၏ အနိဋ္ဌာရုံကို အနှစ် ၅၀ လုံးခံခဲ့ရကြောင်း၊ မိမိတွေ့ရသည်မှာ မည်သည့်တိုင်းရင်းသားလက်နက်ကိုင်မှ ရဟန်းသံဃာ၊ သင်းအုပ်ဆရာများသတ်သည်ကို မတွေ့ရကြောင်း၊ ယခုအခါ ရဟန်းသံဃာများ သတ်ခြင်းကို မမြင်ရက်အောင်ပင် တွေ့နေရပါကြောင်း၊ ဝမ်းနည်းစရာကောင်းသည်မှာ ဒေါ်ဇင်မာအောင် အမေရိကန်နှင့် အာဆီယံတွေ့ဆုံပွဲတွင် ရခိုင်တိုင်းရင်းသားများ၏ သဘောထားမည်သို့ရှိသည်ကိုမပြောကြောင်း၊ NUG ၏ဝန်ကြီးတစ်ယောက်အနေဖြင့် ၎င်းပြောသည်က OIC ၏ ပိုက်ဆံကိုမျှော်ပြီး ပြောခြင်းလည်း ဖြစ်နိုင်ကြောင်း၊ NUG ၏ သဘောထားကို ဖော်ပြခြင်းလည်းဖြစ်ကြောင်း၊ ၎င်းက ရခိုင်ပြည်နယ်တွင် တိုင်းရင်းသား လူမျိုးစု ၉ စု၊ တိုင်းရင်းသား ၁၃၅ မျိုးတွင် မပါဝင်သည့် လူမျိုးစုကို နယ်မြေခွဲပေးမည် ဆိုသည့်ကိစ္စကို ပြောခဲ့ကြောင်း။

ယမန်နေ့က ထပ်ပြီး သတင်းတက်လာကြောင်း၊ NUG နှင့် AA ဆွေးနွေးသည့်အခါတွင် ရခိုင်နိုင်ငံတော်ကို ထူထောင်ခွင့်ပြုသည်ဟု ၎င်းကပြောကြောင်း၊ မိမိပြောလိုသည်မှာ မြန်မာနိုင်ငံတွင် အကြွေးများ တင်နေကြောင်း၊ NUG အစိုးရကဆပ်မည်ဟု မိမိကြားလိုကြောင်း၊ နိုင်ငံတကာကိုဆပ်ရမည့် ကြွေးမြီများကို NUG အစိုးရက ဆပ်ပါမည်ဟု မိမိတို့ကြားလိုကြောင်း၊ မေးခွန်းမမေးမီ အာဖဂန်နစ္စတန်ကို ကြည့်စေလိုကြောင်း၊ အာဖဂန်နစ္စတန်သည် တစ်ချိန်က ဗုဒ္ဓဘာသာနိုင်ငံဖြစ်ကြောင်း၊ ဤကိစ္စကို မိမိအား ဆရာတော်တစ်ပါးက သတင်းပါးသည့်အတွက် ပြောကြားရခြင်းဖြစ်ကြောင်း၊ *စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

ဒေါ်ဇင်မာအောင် ပြောသည့်ပုံစံသည် ရခိုင်ပြည်နယ် မည်သို့ဖြစ်သွားမည်လဲ၊ AA အနေဖြင့် လက်ခံတွေ့ဆုံမည်ဆိုပါက ထွန်းမြတ်နိုင်က ၎င်း၏ ရခိုင်ပြည်ကြီးကို အာဖဂန်နစ္စတန်ကဲ့သို့လုပ်လို၍လားဟု ၎င်းကို မေးခွန်းထုတ်ရမည်ဖြစ်ကြောင်း၊ ၎င်းကိုယ်တိုင် သတင်းစာရှင်းလင်းပွဲကို ကြည့်နေမည်ဆိုပါက ၎င်းကိုယ်တိုင် ဖြေကြား၍ရပါကြောင်း၊ ငြိမ်းချမ်းရေးတွင် KNU လည်း NCA လက်မှတ်ထိုးထားပါကြောင်း၊ ဖဒိုစောတာနီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက NCA ပျက်သွားပြီဟု ဆိုပါကြောင်း၊ NCA လက်မှတ် စတင်ရေးထိုးစဉ်က မိမိသတင်းထောက်ဘဝဖြင့် လိုက်လာခဲ့ပါကြောင်း၊ တပ်မတော်က အာဏာသိမ်းလျှင် NCA ပျက်စီးသည်ဆိုသည့်အချက်ကို မတွေ့ခဲ့ရပါကြောင်း၊ ၎င်းပြောသည့် စကားအပေါ်တွင် ငြိမ်းချမ်းရေးအတွက် ဝမ်းနည်းမိပါကြောင်း။

မိမိတို့ ကရင်ပြည်နယ်တွင် တံတားအတော်များများ မိုင်းခွဲခံနေရကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ကျောင်းအတော်များများ မီးရှို့ဖျက်ဆီးခံနေရပါကြောင်း၊ ထိုအရာများသည် ပြည်သူ့၏ ဘဏ္ဍာ၊ ပြည်သူ့၏ အသက်သွေးချွေးများဖြစ်ကြောင်း၊ ယနေ့မြှောက်ပေးနေသည့် OIC နိုင်ငံများက တစ်ချိန်မြန်မာနိုင်ငံ၏ ပြန်လည်တည်ဆောက်ရေးတွင် ၎င်းတို့က တစ်ခုမျှလုပ်ပေးမည် မဟုတ်ပါကြောင်း၊ မည်သည့်အစိုးရတက်တက် ပြည်သူ့အခွန်ဘဏ္ဍာဖြင့် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ မိမိ မေတ္တာရပ်ခံတောင်းဆိုလိုသည်မှာ မြန်မာနိုင်ငံတွင်ရှိသော ဘာသာရေး ခေါင်းဆောင်များကို ဖြစ်ကြောင်း၊ သတင်းစာရှင်းလင်းပွဲတွင် မိမိမေးခွန်းထုတ်လိုသည်မှာ NCA အပေါ် တိုင်းရင်းသားလက်နက်ကိုင်အားလုံး ပါဝင်လာရန်အတွက် ဘာသာရေးခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံမပြိုကွဲရေးအတွက် ပါဝင်ပေးရန်ဆန္ဒရှိပါသလားဟု TV Channel ပေါ်မှ တောင်းဆိုလိုကြောင်း၊ မြန်မာနိုင်ငံကို ကောင်းစားစေလိုသည်၊ အလုံးစုံ ငြိမ်းချမ်းစေလိုသည်ဆိုပါက ဘာသာရေးခေါင်းဆောင်များအနေဖြင့် NCA လမ်းကြောင်းပေါ်သို့ တိုင်းရင်းသားလက်နက်ကိုင်အားလုံးကို ဆွဲခေါ်ပေးရန် တာဝန်ယူပေးစေလိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် ဘာသာရေးခေါင်းဆောင်များ ပါဝင်လာပါက လက်ခံပေးမည့်အစီအစဉ်ရှိ/မရှိနှင့် သွားရေးလာရေးမှစ၍ အစစအရာရာကို စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

### လက်တွဲလုပ်ဆောင်ရန် အသင့်ရှိ

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိတို့၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မူဝါဒမှာ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်လည်း ပြောပြီးဖြစ်ကြောင်း၊ အကျိုးတော်ဆောင်အဖွဲ့များနှင့် ပတ်သက်လာပြီး မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးမည့် မည်သည့်ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းမဆို လက်တွဲလုပ်ဆောင်ရန် အသင့်ရှိသည်ဟု တိတိလင်းလင်း ပြောပြီးဖြစ်ကြောင်း၊ မိမိတို့၏ မူဝါဒ၊ ရပ်တည်ချက်သည် ထိုအတိုင်းသာဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့အကျိုးပြုသတင်းမီဒီယာမှ အယ်ဒီတာ ကိုခန့်**က လက်ရှိတွင် ပြည်သူအများ လတ်တလောတွေ့ကြုံနေရသည့် အခက်အခဲမှာ စားဝတ်နေရေးအပြင် မီတာခများ ပိုမိုကောက်ခံနေသည့်ကိစ္စဖြစ်ကြောင်း၊ လျှပ်စစ်မီးသည် ယခင်ကဲ့သို့ နေ့စဉ်အချိန်တိုင်း မဟုတ်ဘဲ လေးနာရီခြားသာ အသုံးပြုနေရသော်လည်း မီတာခွန်မှာ ယခင်ကထက် ပိုမိုကောက်ခံနေခြင်းကို ကြုံတွေ့နေရကြောင်း၊ လျှပ်စစ်မီတာရုံးမှ တချို့ဝန်ထမ်းများသည် “နိုင်ငံရေးအခက် ဝန်ထမ်းများအချက်” ဆိုသလို မီတာဆောင်ရန် နောက်ကျလျှင် ဒဏ်ကြေး၊ မီတာစာရွက်များ ပျောက်လျှင် ဒဏ်ကြေး၊ မီတာခမှန်မှန်ဆောင်သော်လည်း ယခင်ကထက် ပိုမိုကောက်ခံခြင်း စသည်တို့ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းဖြစ်စဉ်များသည် တစ်မြို့နယ်တည်း၌ ဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံး၌ ဖြစ်ပေါ်နေကြောင်း၊ ယင်းဖြစ်စဉ်များ ထပ်မံမဖြစ်ပေါ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပြည်သူများကို မည်သို့ပြန်လည်ဖြေရှင်းပေးမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က လျှပ်စစ်မီတာခပိုမိုနေသည့်ကိစ္စနှင့် ပတ်သက်၍ လျှပ်စစ်မီးအသုံးပြုသူများအနေဖြင့် မီတာ Bill နှင့်အတူ သက်ဆိုင်ရာမြို့နယ်ရုံးများကို သွားရောက်တင်ပြမည်ဆိုလျှင် သက်ဆိုင်ရာမြို့နယ်ရုံးများက သွားရောက်စစ်ဆေးပြီး ပိုမိုကောက်ခံထားသည်ဆိုပါက မိမိတို့ ပြန်လည်စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တချို့မီတာများကို စက်နှင့်ဖတ်ပြီး တချို့ကို လူနှင့် ဖတ်ရှုရသည့်အခါ မိမိတို့အနေဖြင့် အနည်းအများချို့ယွင်းချက်ရှိနိုင်ကြောင်း၊ လျှပ်စစ်မီးအသုံးပြုသူများအနေဖြင့် သက်ဆိုင်ရာမြို့နယ်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်ပါက မိမိတို့အနေဖြင့် လိုက်လံဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့အကျိုးပြုသတင်းမီဒီယာမှ အယ်ဒီတာ ကိုခန့်**က ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အကြမ်းဖက်ရန်လှုံ့ဆော်သူများ၊ အကြမ်းဖက်သူများနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းများကို ပြည်သူများက လျှို့ဝှက်စွာ သတင်းပေးလိုကြသော်လည်း လျှို့ဝှက်သတင်းပေးသူများကို အကာအကွယ်မပေးသည့်အပြင် တချို့နေရာများ၌ သတင်းမှန်ပေးသူများပါ အကြမ်းဖက်သမားများ၏ သတ်ဖြတ်ခံနေရကြောင်း၊ ထို့ပြင် အာမခံဆိုသည့်အချက်ကိုအသုံးပြုပြီး အကြမ်းဖက်သမားများကို အာမခံဖြင့်ပြန်လည်လွှတ်ပေးနေသည်ကို တွေ့ရှိရကြောင်း၊ တချို့နေရာများ၌ လာဘ်ငွေများရယူပြီး မနက်ဖမ်း ညနေပြန်လွှတ်ပေးနေသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းကဲ့သို့ သတင်းပေးများ အသက်အန္တရာယ်လုံခြုံမှုမရှိသည့်အပြင် အကြမ်းဖက်လှုံ့ဆော်သူများ၊ ပြည်ဖျက်အကြမ်းဖက်သမားများကို ဖမ်းဆီးရန် နှောင့်နှေးသော်လည်း မျိုးချစ်သတင်းပေးများကိုမူ တချို့သော အကြောင်းအရာများကြောင့် ၎င်းတို့ အသုံးပြုသည့် Wave Pay , Kpay နှင့် ဖုန်းများကို စစ်ဆေးရန်ဟုဆိုကာ ပိတ်ပင်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နေကြကြောင်း၊ ထို့ကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မျိုးချစ်သတင်းပေးများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းသို့သောကိစ္စရပ်များရှိပါက တိကျစွာ တိုင်ကြားရန် ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

### ဥပဒေအရ အရေးယူဆောင်ရွက်

**ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က သတင်းပေးသူကို ကာကွယ်မပေးနိုင်ဘူးလားဆိုသည့် ကိစ္စနှင့်ပတ်သက်၍ သတင်းပေးသူများရော၊ ကျန်သည့်ဥပဒေဘောင်အတွင်း၌ နေထိုင်သည့်လူများကိုပါ မိမိတို့အနေဖြင့် အစွမ်းကုန် ကာကွယ်ပေးနေပါကြောင်း၊ သတင်းပေးသည့်သူများကိုလည်း လျှို့ဝှက်ထားပါကြောင်း၊ မည်သူက သတင်းပေးဟူ၍ ထုတ်ဖော်ပြောကြားခြင်း မရှိပါကြောင်း၊ အကြမ်းဖက်မှုသည် အာမခံရသည့်အမှု မဟုတ်ပါကြောင်း၊ ထို့ကြောင့် အာမခံမပေးပါကြောင်း၊ ဖမ်းဆီးရမိသည့် အရေးယူမှုများကိုလည်း အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ တချို့က အကြမ်းဖက်မှုကို Kpay , Wave Pay များဖြင့် ငွေကြေးထောက်ပံ့မှုများ ရှိပါကြောင်း၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ခြင်းသည်လည်း အကြမ်းဖက်မှုကျူးလွန်ခြင်းသာဖြစ်ပါကြောင်း၊ ယင်းတို့ကို စိစစ်တွေ့ရှိပါကလည်း မိမိတို့အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့သစ္စာအွန်လိုင်းအေဂျင်စီမှ သတင်းထောက် ဦးအောင်ကျော်ဦး** က ပြီးခဲ့သည့် (၁၃) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် မိမိနှင့်အတူ မိမိ၏တပည့် ကျော်ဖြိုးလှိုင် တက်ရောက်ခဲ့ကြောင်း၊ ယခုမိမိတပည့်ကို KNU က နေအိမ်ထဲအထိ သေနတ်သမားခုနစ်ယောက်နှင့် လုပ်ကြံခဲ့ရာ သေနတ်ဒဏ်ရာ နှစ်ချက်ရခဲ့ကြောင်း၊ လာရောက်လုပ်ကြံသည့်သူများအထဲတွင် သေနတ်အရှည်တစ်ယောက်မျှမပါကြောင်း၊ သေနတ်အတိုများနှင့်ဖြစ်ကြောင်း၊ ၎င်း၏ မိခင်နှင့် ညီမလေးသည် ရရှိသည့်ဒဏ်ရာနှင့်ပင် ထိုနေရာမှာ ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း၊ မိမိအဓိကမေးလိုသည်မှာ ပစ်ခတ်မှုဖြစ်ပြီး ၄၅ မိနစ်ခန့်အကြာတွင် ရဲများရောက်လာကြကြောင်း၊ ထိုသို့လာရောက်ပစ်ခတ်သည့် KNU များအထဲတွင် အချင်းချင်းပြန်လည်ပစ်ခတ်မိ၍ သေဆုံးသွားသူရှိကြောင်း၊ ထိုအလောင်းကို ၎င်းတို့၏ ဆိုင်ကယ်နှင့် ပြန်သယ်ယူသွားကြကြောင်း၊ ရဲများရောက်ရှိလာသည့် အချိန်တွင် KNU များသည် လယ်ကွင်းထဲ၌သာ ရှိပါသေးကြောင်း၊ ရဲများလိုက်လျှင် မီသေးပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် KNU များက ၎င်းတို့လူ၏အလောင်းကို ဆိုင်ကယ်ပေါ်မှာ တင်လိုက်၊ ပြုတ်ကျလိုက်၊ ဆိုင်ကယ်မောင်းလိုက် ပြုတ်ကျလိုက်နှင့် ခရီးမတွင်ပါကြောင်း၊ သို့သော် နောက်ကလိုက်၍ ဖမ်းဆီးခြင်း၊ သုတ်သင်ရှင်းလင်းခြင်းမရှိခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် လိုက်လံဖမ်းဆီးခြင်း မပြုလုပ်သလဲဟုမေးရာတွင် အထက်အမိန့်မရခြင်းကြောင့်ဟု ပြောပါကြောင်း၊ မိမိတို့အနေဖြင့် မည်သူ့ကိုအားကိုးရမည်လဲ၊ အထက်မိန့်စောင့်နေသည်ဆိုသည့် သူများကလည်း အမှန်တကယ်ပဲ အထက်အမိန့်ကိုစောင့်ခြင်းဖြစ်ပါသလား၊ ကြောက်၍ မလိုက်ခြင်းလား၊ အားမနာတမ်းပြောရလျှင် ဖရဲသီးများလားဟူ၍ပင် ဝေခွဲ၍မရကြောင်း၊ အချိန်လွန်မှ ၎င်းတို့နောက်ကလိုက်သည့်အခါတွင် KNU များက စစ်တောင်းမြစ်ကို ကျော်သွားခဲ့ပြီဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ဗိုလ်ချုပ်တို့အနေနှင့် မည်သို့စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ကို သိလိုကြောင်း၊ ထိုအဖြစ်အပျက်သည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောင်ခင်းကျေးရွာအုပ်စု ၂၀၂၂ ခုနှစ် မေ ၅ ရက် နေ့လယ် ၂ နာရီကျော်တွင် ဖြစ်ပွားခဲ့ကြောင်း၊ ခေတ်အဆက်ဆက် အမြစ်ပြတ်အောင် မတိုက်ခဲ့သည့် KNU ကို ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အမြစ်ပြတ်ချေမှုန်းရန် ရှိ/ မရှိ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဤဖြစ်စဉ်ကို မိမိတို့ဆီကို ပေးခဲ့စေလိုကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ မိမိတို့လည်း ပြောပြီးဖြစ်ကြောင်း၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်နှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးများကို ထိခိုက်လာလျှင် မိမိတို့က လက်တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ ဖြစ်ပျက်နေသည့် အခြေအနေများကိုလည်း သိပြီးဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ တချို့နေရာများတွင် သောင်းကျန်းသူများ၊ တချို့ EAO အဖွဲ့များအနေနှင့် အတွင်းထဲအထိ PDF များနှင့် ပေါင်း၍ စိမ့်ဝင်လာခြင်းများရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင် အချို့မှာလည်း အားနည်းချက်များ ရှိလိမ့်မည်ဖြစ်ကြောင်း၊ ထိုသို့သော အားနည်းချက်များရှိမည်ဆိုလျှင်လည်း မိမိတို့ကိုပြော၍ရကြောင်း၊ ထောက်ပြနိုင်ကြောင်း၊ ငြိမ်းချမ်းရေး ဖိတ်ခေါ်သည့်အခါတွင် တချို့သော EAO များသည် လာခြင်း၊ မလာခြင်းနှင့်ပတ်သက်၍ ပြောရုံသာမကဘဲ လက်နက်ကိုင်ပဋိပက္ခ ပိုမိုဖြစ်ပွားရေးနှင့် ပတ်သက်ပြီး ပြောဆိုနေသည်များရှိကြောင်း၊ မိမိအနေနှင့် ပြောလိုသည်မှာ လက်နက်ကိုင်ပဋိပက္ခများ ပိုမိုဖြစ်ပွားရေးနှင့် ပတ်သက်၍ ပြောနေသည့် အကျိုးဆက်ကို ၎င်းတို့သာခံစားရလိမ့်မည်ဟု ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့သစ္စာအွန်လိုင်းအေဂျင်စီမှ သတင်းထောက် ဦးအောင်ကျော်ဦး** က တောခိုသွားသည့် PDF များအထဲတွင် အကြမ်းဖက်လုပ်ရပ်များ မလုပ်ဘဲ၊ ပြစ်မှုမကျူးလွန်ထားသူဆိုလျှင် နွေးထွေးစွာပြန်လက်ခံမည်ဟုသိရကြောင်း၊ ဗိုလ်ချုပ်လည်း ပြောခဲ့ဖူးကြောင်း၊ လက်ရှိမန္တလေး၌ လက်ခံနေသည်ကိုလည်းသိကြောင်း၊ မိမိမေးလိုသည်မှာ PDF လည်း မလုပ်၊ တောလည်းမခိုဘဲ၊ တပ်မတော်က အာဏာထိန်းပြီး နောက်ပိုင်း မြို့နယ်များတွင် စီတန်းဆန္ဒပြခြင်းများလုပ်ခဲ့ကြကြောင်း၊ ထိုသို့ဆန္ဒပြပြီးနောက်ပိုင်း အဖမ်းခံရမည်စိုးသဖြင့် ထွက်ပြေးတိမ်းရှောင်နေသည့်သူများလည်း ယခုအချိန်အထိ ရှိနေကြောင်း၊ ထိုထွက်ပြေးတိမ်းရှောင်နေသည့် ပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ ရဲစခန်းများ၊ မြို့နယ်ရဲစခန်းများက ၅၀၅ နှင့် အမှုဖွင့်ထားသည်များလည်းရှိကြောင်း၊ အကယ်၍ ၎င်းတို့ပြန်လာလျှင် အမှုမှကင်းလွတ်ခွင့်ပြုမည်လား၊ အမှုအတိုင်း ဆက်လက် ရင်ဆိုင်ရမည်လား သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယင်းအမှုနှင့် ပတ်သက်၍ ၅၀၅ နှင့် အမှုဖွင့်ထားသည်ဆိုလျှင် သက်ဆိုင်ရာကို လျှောက်ထားရမည်ဖြစ်ကြောင်း၊ ထိုသို့လျှောက်ထားပြီးသည့်အခါတွင် မိမိတို့က ပြန်လည်စိစစ်ပေးမည်ဖြစ်ကြောင်း၊ ယခုလည်း လျှောက်ထားနေသည့်သူများရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ အမှုပြန်လည်ပိတ်သိမ်းပေးသည်များလည်းရှိကြောင်း၊ လုပ်ငန်းအသေးစိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနက ပို၍ အသေးစိတ်ဖြေကြားပေးလိမ့်မည်ဟု ပြောကြားသည်။

### ဥပဒေနှင့်အညီ ဆောင်ရွက်ပေးမည်

**ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က အစောပိုင်းကာလများတွင် ဆန္ဒပြသူများအထဲတွင် ပါခဲ့သည်ဆို၍ အချို့သူများက စိုးရိမ်စိတ်နှင့်ကြောက်ပြီး ထွက်ပြေးတိမ်းရှောင်နေသူများလည်းရှိကြောင်း၊ ၎င်းထွက်ပြေးတိမ်းရှောင်သူများနှင့် ပတ်သက်၍ လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိနှင့် တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အားအုပ်စုဖွဲ့၍ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများ ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေသူများအနေနှင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်မည်ဆိုလျှင် ရေးဖွင့်ထားသည့်ဥပဒေကို ဥပဒေနှင့်အညီ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကို နိုင်ငံပိုင်သတင်းစာများနှင့် မြန်မာ့ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ ၂၀၂၁ ခုနှစ် ဩဂုတ် ၄ မှ ၈ ရက်အထိ အသိပေးထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ထိုသို့ထုတ်ပြန်သည့်အချိန်တွင် မိမိတို့ဆီသို့ သတင်းပို့ရန်အတွက် သတင်းစာများတွင်လည်း ဖုန်းနံပါတ်များထည့်သွင်း၍ ထုတ်ပြန်ပေးခဲ့ကြောင်း၊ လာရောက်သတင်းပို့လျှင်လည်း မိမိတို့ သက်ဆိုင်ရာရဲစခန်းများက မည်သို့ဆောင်ရွက်ပေးရမည်ဆိုသည်ကိုလည်း သက်ဆိုင်ရာအောက်ခြေအထိ တစ်နိုင်ငံလုံးကိုလည်း ညွှန်ကြားပေးပြီးဖြစ်ကြောင်း၊ ညွှန်ကြားချက်အတိုင်း ရဲစခန်းများကလည်း ဆောင်ရွက်ပေးနေပါကြောင်း၊ ထိုကဲ့သို့ သတင်းပို့ရန်လာသည့်အခါတွင် လတ်တလော ၎င်းတို့ကို ခံဝန်များပေးထားကြောင်း၊ ထို့နောက် ၎င်းတို့အပေါ်တွင် စွဲဆိုထားသည့် ပြစ်မှု ရှိ/မရှိ စိစစ်ပါကြောင်း၊ အကယ်၍ပြစ်မှုရှိလျှင် အမှု၏ အတိုင်းအတာကိုစိစစ်ပြီး အဆင့်ဆင့်တင်ပြကာ ဥပဒေနှင့်အညီ ရုပ်သိမ်း၍ရမည်ဆိုလျှင် ဆောင်ရွက်ပေးပါကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် ဂျပန်နယ်စပ်ဂိတ်များကို နိုင်ငံခြားသားများအတွက် ဖွင့်လှစ်ပေးတော့မည်

**တိုကျို မေ ၂၆**

ကိုဗစ်-၁၉ စတင်ကူးစက်ဖြစ်ပွားချိန်မှစကာ နှစ်နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဂျပန်နိုင်ငံ၏ နယ်စပ်များကို နိုင်ငံခြားသားခရီးသွားများအတွက် ဖွင့်လှစ်ပေးတော့မည်ဖြစ်သည်။ သို့သော်လည်း ကန့်သတ်ဖြေလျှော့မှုများကို တဖြည်းဖြည်းချင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ဇွန် ၁၀ ရက်မှစကာ ဧည့်လမ်းညွှန်များပါသော ဝန်ဆောင်ခပုတ်ပြတ်ခရီးသွားအစီအစဉ်များအတွက် နိုင်ငံခြားသားခရီးသွားများကို ပြန်လည်ကြိုဆိုသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါးက ပြောသည်။

နိုင်ငံခြားမှ ဝင်ရောက်လာသူအရေအတွက်သည် ဇွန် ၁ ရက်မှစကာ နှစ်ဆတိုးလာပြီး တစ်နေ့လျှင် ၂၀၀၀၀ ခန့် ရှိလာမည်ဖြစ်ကြောင်း ကီရှီဒါးက ပြောသည်။




ဝန်ဆောင်ခ ပုတ်ပြတ်နှုန်းဖြင့် ခရီးသွားအစီအစဉ်များကို စတင်လိုက်ခြင်းက သက်ဆိုင်ရာအာဏာပိုင်များကို ဖြစ်ပေါ်လာနိုင်သည့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကို အကောင်းဆုံးထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း အရာရှိများက ပြောသည်။

အသစ်ချမှတ်လိုက်သော မူဝါဒများအရ နိုင်ငံနှင့်ဒေသများကို အန္တရာယ်ရှိသည့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနိုင်မှုအပေါ်မူတည်ပြီး အမျိုးအစားသုံးမျိုး ခွဲခြားထားသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနိုင်ခြေအနည်းဆုံးဖြစ်သည့်ဒေသမှ လာရောက်သူများကို ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးထားသည့်တိုင် ဗိုင်းရပ်စ်စစ်ဆေးခြင်း ကင်းလွတ်ပေးမည်ဖြစ်သကဲ့သို့ ကိုယ်တိုင်သီးသန့်ခွဲခြားစောင့်ကြည့်မှုမှလည်း ကင်းလွတ်ပေးမည်ဖြစ်သည်။

ယခုသီတင်းပတ်နှောင်းပိုင်းတွင် အဆိုပါ ခွဲခြားမှုများကို အရာရှိများက ကြေညာသွားမည်ဖြစ်ပြီး ခရီးသွား ၈၀ ရာခိုင်နှုန်းခန့် ဂျပန်နိုင်ငံသို့ဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက် မည်သည့်အသွားအလာကန့်သတ်စောင့်ကြည့်မှုမှ ခံယူရန်မလိုအပ်ကြောင်း အရာရှိများက ပြောသည်။

ဂျပန်နိုင်ငံသည် နိုင်ငံခြားခရီးသွားကန့်သတ်လျက်ရှိသည့် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

စီးပွားရေးခေါင်းဆောင်များကလည်း စီးပွားရေးပြန်လည်နိုးထရန် နယ်စပ်ဒေသထိန်းချုပ်မှုများကို ဖြေလျှော့ပေးရန် အစိုးရကို တောင်းဆိုလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# လာအိုနိုင်ငံ၌ ဆေးလိပ်သောက်ခြင်းနှင့် ဆက်စပ်သောရောဂါများကြောင့် နှစ်စဉ် လူ ၇၀၀၀ သေဆုံး

**ဗီယန်ကျင်း မေ ၂၆**

လာအိုနိုင်ငံ၌ ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်သည့်ရောဂါများနှင့် ဆေးလိပ်မသောက်သုံးဘဲ နှစ်ပေါင်းများစွာကြာ ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်းကြောင့် သေဆုံးသူအရေအတွက်မှာ နှစ်စဉ် လူ ၇၀၀၀ ခန့် သို့မဟုတ် တစ်နေ့လျှင် လူ ၁၉ ဦးနှုန်း သေဆုံးနေကြောင်း သိရသည်။

ရောဂါခံစားရသူများကို ကုသပေးရန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၂၈ သန်း သုံးစွဲခဲ့ခြင်းဖြစ်ပြီး အဆိုပါပမာဏမှာ နိုင်ငံ့ဝင်ငွေ၏ ၂ ဒသမ ၂၄ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံတွင် အသက် ၁၅ နှစ်အထက် ဆေးလိပ်သောက်သူ အရေအတွက်မှာ ၂၀၁၂ ခုနှစ်တွင် နိုင်ငံလူဦးရေ၏ ၂၅ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ၂၀၁၅ ခုနှစ်တွင် ၂၈ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း လာအိုကျန်းမာရေးဝန်ကြီး ဘောင်းဖန့် ဖိုမလေးဆစ်က မေ ၂၃ ရက်က ဗီယန်ကျင်းမြို့၌ ကျင်းပသည့် တစ်ကမ္ဘာလုံးနှင့် နိုင်ငံလုံးဆိုင်ရာ ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားခဲ့သည်ကိုကိုးကားပြီး မေ ၂၆ ရက်ထုတ် လာအိုစီးပွားရေးနေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

၂၀၁၆ ခုနှစ်တွင် ကောက်ယူခဲ့သော နိုင်ငံလုံးဆိုင်ရာစစ်တမ်းတစ်ခုအရ အသက် ၁၃ နှစ်မှ ၁၅ နှစ်ကြား လူငယ် ၁၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဆေးလိပ်သောက်သည့် မိန်းကလေး ၂ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆေးလိပ်သောက်သုံးသူများအနေဖြင့် မိမိကိုယ်ကိုရောဂါဖြစ်ပွားမှုကို တားဆီးရန်အတွက် ဆေးလိပ်သောက်မှုကို လျှော့ချရန် သို့မဟုတ် ဆေးလိပ်ဖြတ်ရန် လာအို ကျန်းမာရေးဝန်ကြီး ဘောင်းဖန့်က တောင်းဆိုလိုက်သည်။ ဆေးလိပ်သောက်သူ၏ အနီးပတ်ဝန်းကျင်ရှိ လူများက အဆိုပါဆေးလိပ်ငွေ့ကို တစ်ဆင့်ရှူရှိုက်မိသောကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပွားစေပြီး တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် အဆုတ်ရောဂါတို့ကဲ့သို့သော ကျန်းမာရေးပြဿနာများ ဖြစ်ပွားစေနိုင်သည်ဟု ၎င်းက ပြောသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲသူများအပြင် ထုတ်လုပ်သူများနှင့် တင်သွင်းသူများကိုပါ ဥပဒေနှင့်အညီ မလိုက်နာသူများအား အစိုးရက ကြီးလေးသော ပြစ်ဒဏ်များချမှတ်ရန် ၂၀၁၉ ခုနှစ်က ထုတ်ပြန်ခဲ့သည်။

လာအိုနိုင်ငံ၌ ဆေးရွက်ကြီး ထုတ်ကုန်များ ရောင်းချရာတွင် ညွှန်ကြားချက်များနှင့် ကျန်းမာရေးဆိုင်ရာ သတိပေးချက်များ မပါဝင်ဘဲ ရောင်းချပါက သိမ်းဆည်း အရေးယူခြင်းနှင့် ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်နေကြောင်း လာအိုစီးပွားရေးနေ့စဉ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ဆင်ဟွာ**





# အီရန်နိုင်ငံ၌ ဆောက်လုပ်ဆဲ ၁၀ ထပ် အဆောက်အအုံပြိုကျ၊ ၁၉ ဦး သေဆုံး

**တီဟီရန် မေ ၂၆**

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း အဘာဒန်မြို့၌ မေ ၂၆ ရက်က အထပ် ၁၀ ထပ်ရှိ စီးပွားရေးဆိုင်ရာ အဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် ၁၉ ဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာတစ်ခုတွင် ဖော်ပြသည်။

အဆိုပါအဆောက်အအုံပြိုကျမှုကြောင့် ဒဏ်ရာရရှိသူ ၃၇ ဦးရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေကြောင်း၊ လက်ရှိတွင် ကယ်ဆယ်ရေးသမား ၂၀၀၀ ခန့်က ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ကူဇက်စတန်ပြည်နယ် လက်ထောက်အုပ်ချုပ်ရေးမှူး အက်ဆမ် အဘတ်စ်ပေါက ပြောကြားသည်။

အဆောက်အအုံပြိုကျမှုကြောင့် အဆောက်အအုံပိုင်ရှင်နှင့် ကန်ထရိုက်တာအပါအဝင် လူ ၁၀ ဦး သေဆုံးကြောင်း မေ ၂၄ ရက်က မီဇန်သတင်းဌာနက ဖော်ပြခဲ့ပြီးနောက် ယနေ့တွင် သေဆုံးသူ မြင့်တက်လာခြင်းဖြစ်သည်။

အဆိုပါအဆောက်အအုံမှာ အဘာဒန်မြို့ လူစည်ကားရာလမ်းပေါ်ရှိပြီး စီးပွားရေးနှင့်ဆေးဘက်ဆိုင်ရာ အဆောက်အအုံများကြားတွင်တည်ရှိ၍ ဆောက်လုပ်ဆဲအဆောက်အအုံဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ကနေဒါ၌ Monkeypox ကူးစက်ဖြစ်ပွားနေသူ ၁၆ ဦးရှိလာ

**အော့တဝါ မေ ၂၆**

ကနေဒါ ပြည်သူ့ကျန်းမာရေးအေဂျင်စီ (PHAC) က ကနေဒါနိုင်ငံတွင် Monkeypox ရောဂါကူးစက်ဖြစ်ပွားနေသူ ၁၆ ဦး ရှိလာပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ကူးစက်ဖြစ်ပွားမှုအားလုံးမှာ ကွီဘက်ပြည်နယ်တစ်ခုတည်းမှဖြစ်ကြောင်း PHAC က ပြောသည်။

ပြည်သူ့ကျန်းမာရေးဆေးခန်းများတွင် Monkeypox ရောဂါကို အတည်ပြုပြီး ကုသပေးလျက်ရှိသည်။ Monkeypox ရောဂါကို ထိန်းချုပ်ရန် ပြည်နယ်နှင့် ဒေသများအတွက် အတည်ပြုကာကွယ်ဆေးများ ထောက်ပံ့ပေးမည့်အစီအစဉ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

ကြိုတင်ပြင်ဆင်သည့်အဆင့်အဖြစ် PHAC သည် ကွီဘက်ပြည်နယ်သို့ ကာကွယ်ဆေးများ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

## အိန္ဒိယ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၁၄၄၈၂၀ ရှိလာ

**နယူးဒေလီ မေ ၂၆**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၂၈ ဦး တိုးလာသောကြောင့် စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၁၄၄၈၂၀ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ဖြင့် ထပ်မံသေဆုံးသူ ၁၈ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၂၄၅၂၅ ဦး ရှိလာပြီဖြစ်သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ အတည်ပြုဖြစ်ပွားနေသူ ၁၅၄၁၄ ဦးရှိပြီး လွန်ခဲ့သော ၂၄ နာရီကထက် ၄၃ ဦး တိုးလာသည်။ ယခုအချိန်အထိ လူပေါင်း ၄၂၆၀၄၈၈၁ ဦးကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပြီး ဆေးရုံမှဆင်းခွင့်ပြုခဲ့သည်။ **ဆင်ဟွာ**

# မေ ၂၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၀၆ ရာခိုင်နှုန်းရှိ

(၂၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၆၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၁၆၈,၀၄၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၂၆၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၂၄၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၇၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၀၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၈၆) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၃၆) ခု | (၁) ဦး |
| စုစုပေါင်း | (၆,၆၂၄) ခု | (၄) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၆-၅-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၅၄၄၀၃၄၀ | ၈၁၈၅၁၄၀၅ | ၁၀၃၀၄၁၅ |
| ၂။ | အိန္ဒိယ | ၄၃၁၄၄၈၂၀ | ၄၂၆၀၄၈၈၀ | ၅၂၄၅၂၅ |
| ၃။ | ဘရာဇီး | ၃၀၈၄၆၆၀၂ | ၂၉၈၉၅၄၆၉ | ၆၆၆၁၁၂ |
| ၄။ | ပြင်သစ် | ၂၉၄၁၃၃၇၁ | ၂၈၇၀၁၈၅၉ | ၁၄၈၀၅၆ |
| ၅။ | ဂျာမနီ | ၂၆၂၀၅၀၀၂ | ၂၅၀၁၆၈၀၀ | ၁၃၉၀၂၆ |
| ၆။ | ဗြိတိန် | ၂၂၂၇၆၉၇၅ | ၂၁၈၇၅၁၅၆ | ၁၇၈၃၁၃ |
| ၇။ | ရုရှား | ၁၈၃၁၀၆၇၃ | ၁၇၇၁၃၅၃၂ | ၃၇၈၇၀၀ |
| ၈။ | တောင်ကိုရီးယား | ၁၈၀၃၆၇၂၀ | ၁၇၅၂၀၃၆၉ | ၂၄၀၆၃ |
| ၉။ | အီတလီ | ၁၇၃၁၂၄၃၂ | ၁၆၃၅၃၅၈၅ | ၁၆၆၂၆၄ |
| ၁၀။ | တူရကီ | ၁၅၀၆၅၇၆၇ | ၁၄၉၆၃၄၂၀ | ၉၈၉၃၉ |

## ၂၆-၅-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၇၁၄၀၀၈ | ၉၄၂၂၀၈၅ | ၄၃၀၇၈ |
| အင်ဒိုနီးရှား | ၆၀၅၃၆၇၀ | ၅၈၉၄၁၀၃ | ၁၅၆၅၅၆ |
| မလေးရှား | ၄၄၉၇၂၁၂ | ၄၄၃၆၃၈၇ | ၃၅၆၅၃ |
| ထိုင်း | ၄၄၂၉၆၇၄ | ၄၃၅၃၁၉၈ | ၂၉၈၈၄ |
| ဖိလစ်ပိုင် | ၃၆၈၉၆၅၆ | ၃၆၂၆၈၇၈ | ၆၀၄၅၅ |
| စင်ကာပူ | ၁၂၈၂၂၈၀ | ၁၂၀၀၀၂၁ | ၁၃၈၀ |
| မြန်မာ | ၆၁၃၂၆၀ | ၅၉၂၂၄၄ | ၁၉၄၃၄ |
| လာအို | ၂၀၉၈၈၈ | ၂၀၈၃၄၄ | ၇၅၄ |
| ဘရူနိုင်း | ၁၄၇၄၉၃ | ၁၄၅၆၉၄ | ၂၂၃ |
| ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၁ | ၃၀၅၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။

## စားသောက်ကုန်ဈေးမြင့်၍ နိုင်ငံအသီးသီး၏ ပို့ကုန်ကန့်သတ်ချက်များ မြင့်တက်

**ကင်ဘာရာ မေ ၂၆**

ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ စံချိန်တင်မြင့်မားလာခြင်း၊ စွမ်းအင်နှင့် ဓာတ်မြေသြဇာကုန်ကျစရိတ်များ မြင့်တက်လာခြင်းနှင့် ရုရှား-ယူကရိန်း ပဋိပက္ခတို့ကြောင့် နိုင်ငံအချို့သည် အစားအစာတင်ပို့မှု ကန့်သတ်ချက်များ ပြုလုပ်လာကြပြီး မေလလယ်တွင် အစားအစာနှင့် ဓာတ်မြေသြဇာ ထုတ်ကုန်များအပေါ် တင်ပို့မှုကန့်သတ်ပြုလုပ်ထားသည့် နိုင်ငံပေါင်း ၂၃ နိုင်ငံရှိလာကြောင်း နိုင်ငံတကာ စားနပ်ရိက္ခာမူဝါဒ သုတေသနအဖွဲ့အစည်း (International Food Policy Research Institute–IFPRI) ၏ မှတ်တမ်းအရ သိရသည်။

ကန့်သတ်ချက်များသည် ကုန်သွယ်မှုမှ အကျိုးအမြတ်များကို လျော့စေနိုင်ပြီး စားနပ်ရိက္ခာဈေးနှုန်းများလည်း ထပ်မံတိုးမြင့်လာစေနိုင်မည်ဖြစ်သည်။ ပို့ကုန်ကန့်သတ်ရေး မူဝါဒများတွင် ပို့ကုန်ခွန်ကောက်ခံခြင်း၊ ပို့ကုန်လိုင်စင် ခွင့်ပြုချက်လိုအပ်ခြင်းနှင့် ပို့ကုန်တားမြစ်ခြင်းတို့ ပါဝင်သည်။ နိုင်ငံအများအပြားက ကန့်သတ်ချက်များကို ကျင့်သုံးလာသည်နှင့်အမျှ ဈေးနှုန်း မတည်ငြိမ်မှု၊ ထိတ်လန့်တကြားဝယ်ယူမှု၊ ရှားပါးမှုနှင့် သိုလှောင်မှုတို့ ဖြစ်နိုင်ခြေပိုများလာနိုင်သည်။

ယနေ့အထိ ကမ္ဘာ့ဈေးကွက်အပေါ် သက်ရောက်မှုအကြီးဆုံး အစားအစာတင်ပို့မှု ကန့်သတ်ချက်များမှာ အင်ဒိုနီးရှားက စားအုန်းဆီတင်ပို့မှုတားမြစ်ခြင်း၊ အိန္ဒိယက ဂျုံတင်ပို့မှု ထိန်းချုပ်ထားခြင်း၊ ရုရှားက အစေ့အဆန်၊ ဆီထွက်သီးနှံများနှင့် သကြားတင်ပို့မှု ကန့်သတ်ထားခြင်းနှင့် ကာဇက်စတန်က ဂျုံနှင့်ဂျုံမှုန့်ကို ခွဲတမ်းဖြင့် တင်ပို့စေခြင်းတို့ဖြစ်ကြောင်း သိရသည်။



## တစ်ပတ်အတွင်း အခြေခံစားသောက်ကုန် ဈေးနှုန်းများ

### ဆန်

ဆန်ဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး အရောင်းအဝယ်မှာလည်း ပုံမှန်သာရှိခဲ့သည်။ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ၏ ဆန်ဈေးနှုန်းများအရ ပြီးခဲ့သည့် တစ်ပတ်တာအတွင်း ပေါ်ဆန်းဆန် တစ်အိတ် ကျပ် ၄၈၅၀၀၊ ညှော့မထဆန် တစ်အိတ် ကျပ် ၃၀၅၀၀ နှင့် ငစိန်ဆန် တစ်အိတ် ကျပ် ၂၈၅၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်များသို့ နယ်စုံမှ ဆန်အိတ် ၂၀၈၅၄၅ အိတ်ခန့် ဝင်ရောက်လာခဲ့သည်။

### ကြက်သွန်နီနှင့် စားဖိုဆောင်သီးနှံများ

ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၇၇၀ မှ ၈၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာ ကျပ် ၃၄၀၀၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာ ကျပ် ၃၃၀၀၊ ရေတ်ရှည် တစ်ပိဿာ ကျပ် ၅၇၀၀၊ ရေတ်ပွ တစ်ပိဿာ ကျပ် ၉၅၀၀ တို့ဖြင့် အရောင်းအဝယ်ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်နီဈေးနှုန်း အနည်းငယ်မြင့်တက်လာခဲ့ပြီး ကျပ် ၅၀ ဈေးမြင့်ခဲ့သည်။ ကြက်သွန်ဖြူမှာ ကျပ် ၂၀၀၊ ရေတ်ရှည် ကျပ် ၂၀၀ စသည်ဖြင့် ဈေးနှုန်းကျဆင်းခဲ့သည်။ ကျန်သီးနှံများမှာ ဈေးနှုန်း တည်ငြိမ်လျက်ရှိသည်။

### ပဲနှင့် ပြောင်း

ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲဈေးတစ်တန်လျှင် ကျပ် ၁၅၀၀၀ ကျဆင်းခဲ့ပြီး ပဲစင်းငုံနီမှာ တစ်တန်လျှင် ကျပ် ၁၇၅၀၀ ဈေး ကျဆင်းခဲ့သည်။ ကုလားပဲဖြူလုံးကြီး ဈေးမြင့်တက်လျက်ရှိကာ ကျန်ပဲမျိုးစုံ အရောင်းအဝယ် တည်ငြိမ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ဘုရင့်နောင်ကုန်စည်ဒိုင် ပဲမျိုးစုံတွင် မတ်ပဲ တစ်တန်လျှင် ကျပ် ၁၄၃၅၀၀၀၊ ပဲစင်းငုံနီ ၁၃၅၅၀၀၀ နှင့် ကုလားပဲဖြူလုံးကြီး တစ်တန်လျှင် ကျပ် ၁၄၆၀၆၀၀ တို့ ဈေးဖြစ်ခဲ့သည်။ ပြောင်းတစ်တန် ဈေးနှုန်း ကျပ် ၆၄၃၀၀၀ ဖြစ်ကာ တစ်ပတ်အတွင်း ကျပ် ၁၂၃၀၀ ဈေးမြင့်ခဲ့သည်။



### ဆီ

စားသုံးဆီဈေးကွက်အတွင်း မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၉၅၀၀၊ နှမ်းဆီ ကျပ် ၉၅၀၀ နှင့် စားအုန်းဆီ ကျပ် ၆၆၀၀ တို့ဖြစ်ခဲ့ကာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၃၀၀ ဝန်းကျင် ကျဆင်းခဲ့သည်။

**ကိုရိုး**

**သတင်းရင်းမြစ်- မြန်မာကုန်သွယ်မှု ဗဟိုဌာန**

## မြန်မာစိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်၊ ထိန်းသိမ်းမှုအတွက် တရုတ်ကူညီ

**နေပြည်တော် မေ ၂၆**

တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးစီး၍ China National Research Institute of Food and Fermentation Industries Co.,Ltd က တာဝန်ခံကျင်းပသည့် "မြန်မာနိုင်ငံ စိုက်ပျိုးထွက်ကုန်များ ထုတ်လုပ်မှုနှင့် သိုလှောင်မှုနည်းပညာလေ့ကျင့်ရေးသင်တန်း" ကို မေလတတိယပတ်က အွန်လိုင်းမှ ဖွင့်ပွဲကျင်းပခဲ့သည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သင်တန်းသားသင်တန်းသူပေါင်း ၄၅ ဦးတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး စီးပွားရေးသံမှူး Mr. Tan Shufu တက်ရောက်အမှာစကားပြောကြားခဲ့သည်။

Mr. Tan Shufu က တရုတ်-မြန်မာ နှစ်နိုင်ငံသည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး "Belt and Road"နှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအား အတူတကွ တည်ဆောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းသည် တရုတ်-မြန်မာ လက်တွေ့ကျပူးပေါင်းဆောင်ရွက်မှု၏ အရေးပါသောအစိတ်အပိုင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာ နှစ်ဦး နှစ်ဖက်သည် စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေးထွက်ကုန် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး နည်းပညာ ပူးပေါင်းဆောင်ရွက်မှု၊ စိုက်ပျိုးရေး လူ့ရည်ချွန် ကူးလူးဖလှယ်မှု၊ ကျေးလက်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစသည့်ကဏ္ဍများတွင် အောင်မြင်သည့် ရလဒ်များ ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသ၌ အစဉ်အလာ စိုက်ပျိုးရေးနိုင်ငံကြီးဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအား အမြဲတစေ တက်တက်ကြွကြွ ထောက်ခံအားပေးလျက်ရှိပြီး စားသောက်ကုန် ဘေးကင်းမှုကြီးကြပ်ရေး၊ စိုက်ပျိုးရေး ထွက်ကုန်ထုတ်လုပ်မှုနှင့် ထိန်းသိမ်းမှုနည်းပညာ၊ မျိုးကောင်းမျိုးသန့် ပျိုးထောင်ရေးအပိုင်းတို့တွင် တရုတ်နည်းလမ်းများ ထောက်ပံ့ပေးကာ တရုတ်အတွေ့အကြုံများ မျှဝေပေးလိုကြောင်း ထည့်သွင်းပြောကြားသည်။



၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလာကတည်းက တရုတ်နိုင်ငံသည် လုပ်ငန်းလုပ်ဆောင်သည့် ပုံစံအသစ် ဖန်တီး၍ ဗီဒီယိုစနစ်ဖြင့် မြန်မာဘက်မှ သင်တန်းသား သင်တန်းသူများအတွက် အမျိုးစုံလင်သော လေ့ကျင့်ရေးနှင့် ပညာတော်သင်ဆုများ ဖော်ဆောင်ပေးခဲ့ကြောင်း၊ ယခုအကြိမ် လေ့ကျင့်ရေး သင်တန်းသည်လည်း လက်တွေ့ရလဒ် ရရှိပြီး တရုတ်-မြန်မာ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်းလည်း ၎င်းက ပြောသည်။

ယခုအကြိမ် သင်တန်းကာလသည် ၂၁ ရက်ဖြစ်ပြီး သီးသန့်ခေါင်းစဉ် ဟောပြောပွဲ၊ ဆွေးနွေးမှု၊ အွန်လိုင်းမှ လေ့လာမှု၊ ယဉ်ကျေးမှု ခံစားသိရှိမှုစသည့် နည်းလမ်းများဖြင့် သင်တန်းသား သင်တန်းသူများကို တရုတ်စိုက်ပျိုးရေး ထွက်ကုန်များ ထုတ်လုပ်သည့် အဆင့်အတန်းနှင့် အောင်မြင်မှုများအကြောင်း နားလည်သိရှိစေပြီး မြန်မာဘက်မှ စိုက်ပျိုးရေးထွက်ကုန်နှင့် စားသောက်ကုန်များ ထုတ်လုပ်သည့် စံနှုန်းအဆင့်အတန်းမြှင့်တင်ရေးအတွက် မှီငြမ်းကိုးကားမှုများ ပေးသွားမည်ဖြစ်သည်။

**သီရိ**

## လူငယ်ဆန်စပါးလုပ်ငန်းရှင်များ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်

**ရန်ကုန် မေ ၂၆**

မြန်မာနိုင်ငံ လူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း၏ အသင်းဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များနှင့် ဆန်စပါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ နှီးနှောဖလှယ် တိုင်ပင်နိုင်ရန်အတွက် အခမ်းအနားကို လာမည့် ဇွန် ၄ ရက်တွင် ကုန်သည်/စက်မှု အသင်းချုပ်ရှိ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ရုံးခန်းတွင် ကျင်းပရန်ရှိကြောင်း သိရသည်။ လူငယ်အသင်းဝင်များနှင့် အသင်းသားအသစ်များအပြင် စိတ်ပါဝင်စားသူများအားလုံး တက်ရောက်နိုင်ရန် စီစဉ်ထားကြောင်းနှင့် အသင်းတာဝန်ခံဖုန်း ၀၉-၇၆၅၁၅၅၃၁၆၊ ၀၉-၇၆၆၆၆၉၂၉၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ကိုရိုး**

## ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်လက်မှတ် ပိတ်သိမ်းခံရသူများ အသစ်ပြန်လည်လျှောက်ထားနိုင်ရန် လုပ်ငန်းစဉ်အသိပေး

**နေပြည်တော် မေ ၂၆**

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းအတွင်း ပို့ကုန်တင်ပို့ထားပြီး ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရန်ကျန်ရှိသည့် ကုမ္ပဏီ ၃၀၀ ကျော်ကို သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်မှုမရှိသဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းထားခဲ့ရာ ယင်းကုမ္ပဏီများနှင့်ပတ်သက်၍ ကုန်သွယ်ရေးဦးစီးဌာနက အသိပေးကြေညာချက်တစ်စောင်ကို မေ ၂၄ ရက်တွင် ထုတ်ပြန်ထားသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အတွင်း ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှုမရှိသည့် ကုမ္ပဏီပေါင်း ၃၄၆ ခုရှိပြီး ယင်းတို့အနက် ပို့ကုန်ရငွေ ယခင်က ဝင်ရောက်ပြီးဖြစ်၍ ထပ်မံဝင်ရောက်မည်မဟုတ်ကြောင်း စာရင်းရှင်းလင်းသည့် ကုမ္ပဏီများနှင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မည့်ကိစ္စမဟုတ်ကြောင်း သက်သေအထောက်အထားများဖြင့် စာရင်းရှင်းလင်းတင်ပြသည့် ကုမ္ပဏီများအနေဖြင့် သတ်မှတ်ထားသော အခကြေးငွေပေးဆောင်၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အသစ် ပြန်လည်လျှောက်ထားနိုင်ကြောင်း သိရသည်။

ထို့ပြင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းပြီးနောက်ပိုင်းမှသာ ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်လာသည့် ကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာဘဏ်မှ စာရင်းရှင်းလင်းပြီးကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ သတင်းပို့ခဲ့သောနေ့၏နောက် ၁၄ ရက်ပြည့်သည့်အချိန်မှသာ သတ်မှတ်ထားသော အခကြေးငွေပေးဆောင်၍ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အသစ် ပြန်လည်လျှောက်ထားရမည် ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**ကိုရိုး**

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၆

**၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယခုနှစ်တွင် ကျောင်းအပ်နှံရေးသတင်းပတ်ကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိသတ်မှတ်ပြီး ကျောင်းသားကျောင်းသူများ ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဇွန် ၂ ရက်တွင် နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းများအားလုံး တစ်ပြိုင်နက်တည်း ဖွင့်လှစ်၍ ပညာသင်ကြားရေးလုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အသိပညာ အတတ်ပညာပြည့်စုံသော ပညာတတ်များ ပေါ်များလာရေး မျှော်မှန်းချက်ဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး စဉ်ဆက်မပြတ် သာတူညီမျှ ပညာသင်ယူမှုအခွင့်အလမ်းရရှိရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းနေအရွယ် ကလေးတိုင်း (KG+9) (အခြေခံပညာအလယ်တန်း) အဆင့် ပြီးဆုံးသည်အထိ ပညာသင်ကြားနိုင်ရန် ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ (KG+9) အဆင့်ပြီးဆုံးသည့်အခါ အသက်မွေးဝမ်းကျောင်းပညာသင်ကြားသည့်ကျောင်းများသို့ ဆက်လက်တက်ရောက်နိုင်ပြီး လုပ်ငန်းခွင်ဝင်ရောက်နိုင်သလို သတ်မှတ်အရည်အချင်းပြည့်မီပါက အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ပညာသင်ယူခွင့် အခွင့်အလမ်းများ ဆုံးရှုံးနစ်နာမှုမရှိစေရေးနှင့် ကျောင်းသား ကျောင်းသူများအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် ကျောင်းအပ်နှံရေးဆောင်ရွက်ကြရန် ကြိုဆိုဖိတ်ခေါ်အပ်ကြောင်း၊ ကလေးများအားလုံး အခမဲ့ပညာရေးစနစ်ဖြင့် ပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်ပေးထားကြောင်း၊ ကျောင်းသားတစ်ဦးလျှင် ပြဋ္ဌာန်းစာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ၊ ဘောလ်ပင်တို့ကို အခမဲ့ပေးအပ်သွားမည်ဖြစ်ပြီး မူလတန်းကလေးများကို ကျောင်းဝတ်စုံများ အခမဲ့ထောက်ပံ့ပေးမည်ဖြစ်ကြောင်း။

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် Grade-5 ၊ Grade-8 ၊ Grade-11 ကျောင်းသားများအား သင်ရိုးသစ်ဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်ရိုးသစ်ဖြင့် သင်ကြားပို့ချနိုင်ရေးအတွက်လည်း ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများကို သင်ရိုးသစ်မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ပညာပြည့်ဝ၍ နှလုံးလှသော ဆရာကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ ယခုနှစ် ကျောင်းအပ်နှံရေးဆောင်ပုဒ်ဖြစ်သည့် "ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသောဆောင်ပုဒ်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန်လိုကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရန် ပါဝင်ပတ်သက်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးဇော်ဝင်း၊ တာဝန်ရှိသူများက အခမဲ့ပုံနှိပ်များ၊ ဗလာစာအုပ်များ၊ ဘောလ်ပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် စိန်ရွှေမြ၊ မြရွှေကောင်း၊ Golden Style ဆောက်လုပ်ရေးကုမ္ပဏီများအုပ်စုက ဗလာစာအုပ် ဒါဇင် ၁၂၀၀ ကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပုံနှိပ်ဖတ်စာအုပ်များကို ကြည့်ရှုစစ်ဆေးကာ စာသင်ခန်းအလိုက် ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားရာ မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ လာရောက်၍ ကျောင်းအပ်နှံလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ ကျောင်းအပ်စတင်လက်ခံ

**ကန့်ဘလူ**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ပေါ်ရှိအခြေခံပညာကျောင်းများဖြစ်သော အထက (၁)၊ အထက (၂)၊ အထက (ခွဲ) ညောင်အိုင်၊ အလက(၅)၊ အလက(၁)၊ အမက(၂) မူလွန်ကျောင်းနှင့် အမက (၄) ကျောင်းများတွင် မေ ၂၆ ရက်နံနက်မှစ၍ စတင်ကျောင်းအပ်လက်ခံလျက်ရှိကာ ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သည့် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**သီပေါ**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံလက်ခံခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်မှ ပံ့ပိုးပေးသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံစသည်တို့ကို အခမဲ့ပေးအပ်လျက်ရှိကြောင်း၊ သီပေါမြို့နယ်တွင် စုစုပေါင်း ၂၁၂ ကျောင်း ရှိပြီး ဇွန် ၂ ရက်မှစတင်ကာ အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ခင်လေး (ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၆ ရက်က မိဘအုပ်ထိန်းသူများ ကျောင်းအပ်နှံနေစဉ်။** ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)



**စေတုတ္တရာမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ သီတင်းပတ်အဖြစ် ယနေ့နံနက်က ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံစဉ်။** မြို့နယ်(ပြန်/ဆက်)

**စစ်ကိုင်း**

စစ်ကိုင်းမြို့နယ်အတွင်း၌ အခြေခံပညာကျောင်းပေါင်း ၁၄၇ ကျောင်း ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာကျောင်းများအလိုက် ကျောင်းအပ်လက်ခံနေပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

"ယခင်နှစ်ကထက် ကျောင်းတွေပိုဖွင့်နိုင်သလို ကျောင်းသားကျောင်းသူတွေလည်း များလာမယ်လို့ထင်ပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် ပညာရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ထားပါတယ်" ဟု မြို့နယ်ပညာမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ဇော်မြင့်နိုင်**

**ညောင်လေးပင်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၆ ရက်က ညောင်လေးပင်မြို့ အထက (၁) ကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ ကျင်းပပြီး စတင်ကျောင်းအပ်လက်ခံလျက်ရှိသည်။

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျောင်းအသီးသီးအတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များကို ကျောင်းအုပ်ကြီးများထံ ပေးအပ်ခဲ့သည်။ **နေလင်း(ညောင်လေးပင်)**



**မြင်းခြံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများကို ယနေ့နံနက်မှ စတင်ကာ ကျောင်းအပ်လက်ခံလျက်ရှိစဉ်။** ကျော်စွာ(မြင်းခြံ)

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းအပ်နှံမှုများကို ဇွန် ၁ ရက်အထိ ဆက်လက်လက်ခံသွားမည်



ဦးသိန်းထွန်း (ပညာရေးမှူး၊ သဃ်္ဃန်းကျွန်းမြို့နယ်)



အ.ထ.က (၂)လသာ Grade –(10)မှ မိဘတစ်ဦး



အ.ထ.က (၂) လသာ Grade – 4 နှင့် 7မှ မိဘတစ်ဦး



အ.ထ.က (၂) လသာ Grade –4 မှ ကျောင်းသူတစ်ဦး

**ရန်ကုန် မေ ၂၆**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် နိုင်ငံတစ်ဝန်း အခြေခံပညာဦးစီးဌာနအောက်ရှိ ထက်၊ လယ်၊ မူ ကျောင်းများကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၂ ခုနှစ် မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သတ်မှတ်ထားပြီး ကျောင်းသား ကျောင်းသူများကို ကျောင်းဖွင့်ချိန်ကာလ ဇွန်လကုန်အထိ ဆက်လက်လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့သည် ကျောင်းအပ်နှံရေးသီတင်းပတ်၏ အဖွင့်ရက်ဖြစ်သည့်အားလျော်စွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထက်၊ လယ်၊ မူကျောင်းများတွင် အတန်းအလိုက် ကျောင်းလာရောက်အပ်နှံသော ကျောင်းသားကျောင်းသူများ၊ မိဘအုပ်ထိန်းသူများနှင့် စည်ကားလျက်ရှိသည်။

"ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ကျောင်းတွေမဖွင့်ခင်ကတည်းက ကျောင်းတွေကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားတဲ့ လုပ်ငန်းတွေရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုနဲ့ ဌာနဆိုင်ရာအသီးသီးပါဝင်ပြီး ကျောင်းသန့်ရှင်းရေးနဲ့ ကျောင်းဥပမိရပ်ကောင်းမွန်ရေးကို အထူးဆောင်ရွက်ထားရှိပါတယ်။ ကျောင်းတွေမှာလည်း ကိုဗစ်စည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ စာသင်ကြားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားပါတယ်။ နိုင်ငံတော်က ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံ၊ မူလတန်းအဆင့်မှာ ကျောင်းသုံးဝတ်စုံ တစ်စုံစီ အခမဲ့ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ အခြေခံပညာကျောင်းပေါင်းအနေနဲ့ ၂၇၅၉ ကျောင်းရာနှုန်းပြည့်ဖွင့်ပြီး ကျောင်းသားတွေလက်ခံနေပါတယ်။ ကျောင်းသားလက်ခံတဲ့အခါ ပုံမှန်နှစ်တွေထက်စာရင် ဖြေလျှော့ပြီး လက်ခံပေးထားပါတယ်။ ကျောင်းထွက်လက်မှတ်ရရှိဖို့ အခက်အခဲရှိသူတွေကိုလည်း စိစစ်ပြီး ဖြေလျှော့လက်ခံပေးပါတယ်။ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိအောင် ပညာရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အခြေခံပညာ ကျောင်းတွေ၊ ရပ်ရွာ၊ ကျေးရွာအထိ ဖွင့်လှစ်ပေးထားပြီ ဖြစ်ပါတယ်။ ကျောင်းမနေသူကလေးတွေကိုလည်း ကျောင်းကို ရောက်ရှိအောင်သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်းက ပြောသည်။

ယခုနှစ် ကျောင်းအပ်နှံရာတွင်လည်း မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမပြုရန်၊ ငွေကြေးလက်ဆောင်ပစ္စည်းများ လက်ခံခြင်းမပြုရန်နှင့် အတန်းတံဆိပ်၊ ကျောင်းတံဆိပ် အစရှိသည်များ ရောင်းချခြင်းမပြုရန် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

အခြေခံပညာအထက်တန်းကျောင်း သုဝဏ္ဏမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်စန်းက "ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကာလအနေနဲ့ မေ ၂၆ ရက်ကနေ ဇွန် ၁ ရက်နေ့အထိ ဖြစ်ပါတယ်၊ ကျွန်မတို့ကျောင်းက မနက် ၈ နာရီကနေ မွန်းလွဲ ၂ နာရီ အထိ လက်ခံပါတယ်။ ကျောင်းလာရောက်အပ်နှံမယ်ဆိုရင် ကျောင်းသားကျောင်းသူနဲ့အတူ မိဘအုပ်ထိန်းသူပါမှသာ ကျောင်းအပ်လက်ခံပါတယ်။ KG နဲ့ Grade 1 ကျောင်းသား ကျောင်းသူတွေဆိုရင် မိဘနှစ်ပါးရဲ့ မှတ်ပုံတင်မူရင်း၊ မိတ္တူရယ် ရပ်ကွက်နေထိုင်ကြောင်း သန်းခေါင်စာရင်း မိတ္တူ မူရင်း ပါရှိရပါမယ်။ ကျောင်းလာရောက်အပ်နှံတယ်ဆိုရင် ကလေးတိုင်းကို ပုံနှိပ်စာအုပ်ရယ်၊ ဗလာစာအုပ်ရယ်၊ ကိုဗစ်ကာကွယ်ရေးပစ္စည်းတွေကို အခမဲ့ပေးသွားမှာဖြစ်တယ်။ မူလတန်းအတွက် ထောက်ပံ့ပေးတဲ့ ကျောင်းဝတ်စုံကိုလည်း ကျောင်းဖွင့်ချိန်ကာလအတွင်း ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ မနှစ်က အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ဖြစ်တဲ့ ကလေးတွေဆိုရင် နဂိုမူရင်းအတန်းကို သွားရောက်အပ်နှံရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ၂၀၁၉–၂၀၂၀ မှာ Grade–5 စတုတ္ထတန်း အောင်ထားတဲ့သူဆိုရင် Grade–6 မှာ သွားရောက်သင်ကြားရမှာဖြစ်ပါတယ်။ ၂၀၁၉–၂၀၂၀ မှာ နဝမတန်းအောင်ထားတဲ့ ကျောင်းသား ကျောင်းသူဆိုရင် စနစ်သစ် Grade –11 မှာ တက်ရောက်ခွင့်ရှိတယ်၊ Grade–11 ပြင်ပဖြေစနစ်ဟောင်းကိုလည်း ရွေးချယ်ခွင့်ရှိတယ်။ ၂၀၂၂–၂၀၂၃ ပညာသင်နှစ်မှာ ပညာရေးဝန်ကြီးဌာနရဲ့ "ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နဲ့အညီ မိဘတွေအနေနဲ့ မိမိတို့ရဲ့ ကလေးတွေကို ကျောင်းလာရောက်အပ်နှံကြဖို့ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

အထက(၂)လသာမှ Grade–4 ကျောင်းသူမိဘတစ်ဦးကလည်း "ကျွန်မသမီးက ဒီကျောင်းမှာ Grade–4 တက်မှာပါ။ ခါတ်ပုံ သုံးပုံပဲပေးရတယ်၊ ကျောင်းက ပြန်ပြီး ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ ကျောင်းဝတ်စုံ၊ မက်စ်ရယ်ပေးတယ်။ ကမ္ဘာနဲ့အဝန်းမှာ ကလေးတွေပညာရေးလုံးပန်းနေချိန် ဒီမှာလည်းကလေးတွေကို ကျောင်းအပ်ခွင့်ရတာ ဝမ်းသာပါတယ်။ ပညာသင်ဖို့ အခွင့်အလမ်းတွေရတယ်။ ဒါမှလည်း သူတို့ရဲ့အနာဂတ်တွေ ပြောင်းလဲနိုင်မှာပါ။ မာလာလာပြောခဲ့တဲ့စကားလိုပဲ ဘောလ်ပင်တစ်ချောင်း၊ စာအုပ်တစ်အုပ်၊ ကျောင်းသားတစ်ယောက်၊ ဆရာမတစ်ယောက်ရှိရင် ကလေးတွေရဲ့ အနာဂတ်၊ ကမ္ဘာကြီးကိုပါ ပြောင်းလဲပစ်နိုင်တယ်ဆိုတဲ့စကားကို ကျွန်မတို့သတိရရမှာပါ။ ဒီလိုမျိုး ကျောင်းမတက်ဘဲနေရင်၊ ကလေးတွေရဲ့ အနာဂတ် မလှပရင် ကမ္ဘာကြီးကို လှပအောင် ဘယ်လိုပြောင်းလဲလို့ရမလဲ၊ အဲဒါကြောင့် အနာဂတ်မျိုးဆက်သစ်လေးတွေရဲ့ ပညာရေးတိုးတက်မြင့်မားဖို့အတွက် ကျောင်းနေရမယ့်အရွယ်၊ ကျောင်းတက်ရမယ့်အချိန်မှာ ကျောင်းသားတွေကို ကျောင်းအပ်ပေးကြပါလို့ မိဘတစ်ယောက်အနေနဲ့ တိုက်တွန်းချင်ပါတယ်။ ဒီနှစ် ကျောင်းလာအပ်တဲ့ ကျောင်းသူတွေပိုများလာတာလည်းတွေ့ရတယ်"ဟု ပြောသည်။

ကျောင်းများတွင် ကိုဗစ်–၁၉ ကာကွယ်ရေးအနေဖြင့် Mask၊ Face Shield ပေးဝေခြင်း၊ ကိုဗစ် –၁၉ နှင့်ပတ်သက်ပြီး ကျောင်းများတွင် သတိပေးစာ၊ ကြေညာချက်၊ ဗီနိုင်းများ ချိတ်ထားခြင်း၊ စာသင်ချိန်အတွင်း လိုက်နာရမည့်အချက်များ ချိတ်ဆွဲထားခြင်း၊ လက်ဆေးဘေစင်များ အမှိုက်ပုံးများ စနစ်တကျထားရှိပေးထားသည်ကိုလည်း တွေ့ရသည်။

အထက(၂)စမ်းချောင်း မှ Grade(9) အတန်းပိုင်ဆရာမဒေါ်အမာစိန်က " ကျောင်းအပ်နှံရေး သီတင်းပတ်ဖြစ်တဲ့ မေလ ၂၆ ရက်နေ့ကနေ ဇွန် ၁ ရက်အထိ ပိတ်ရက်မရှိ နံနက် ၈ နာရီကနေ မွန်းလွဲ ၂ နာရီအထိ လက်ခံမှာဖြစ် ပါတယ်။ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်းမှာလည်း ဖတ်စာအုပ်၊ ဗလာစာအုပ်၊ ကိုဗစ်ကာကွယ်ရေး မက်စ် ဖေ့ရှီး၊ ခဲတံ၊ ဘောလ်ပင်၊ အားလုံး တစ်ပါတည်းပေးလိုက်မှာဖြစ်ပါတယ်။ ဒီနေ့ကတော့ မူကြို KG နဲ့ အခြားကြားအတန်းတွေအတွက် ကျောင်းသူအသစ်တွေဝင်ခွင့်ဖောင် အခမဲ့ပေးတယ်။ နောက်အတန်းတွေဖြစ်တဲ့ Grade(1)ကစပြီး Grade(12) အထိ ကျောင်းအပ်လက်ခံနေပါတယ်။ ထူးခြားချက်ကတော့ ၂၀၁၉–၂၀၂၀ အောင်မြင်မှုရပြီးသားကလေးတွေ ဒီနှစ်မှာ ပြန်ဝင်ပြီး လက်ခံပါတယ်။ တစ်တန်းကို လေးပေစီခြားပြီး ၄၅ ဦးစီ သင်ကြားလို့ရအောင် စီမံထားပါတယ်။ ဆရာမတွေအနေနဲ့ အတန်းစီ အချိန်စီဝင်နိုင်အောင် အချိန်စာရင်းတွေအဆင်သင့် ဆွဲထားပြီပါပြီ။ နောက်ကလေးတွေအနေနဲ့ ကိုဗစ်ကာကွယ်ရေးနဲ့ ကျင့်သားရပြီးသားဖြစ်နေပါတယ်။ အတန်းတိုင်းရှေ့မှာ ဘေစင်၊ လက်ဆေးဆပ်ပြာ၊ အမှိုက်ပုံး၊ ကိုဗစ်စွန့်ပစ်ပစ္စည်းတွေ စွန့်ပစ်တဲ့အမှိုက်ပုံးကအစ ပြင်ဆင်ထားပါတယ်။ သင်ကြားရေးအပိုင်းမှာဆိုရင် တစ်နေ့ကို စာသင်ချိန် ရှစ်ချိန်နဲ့ တစ်ပတ်ကို စာသင်ချိန်စုစုပေါင်း ၄၀ ဆွဲထားပြီးပါပြီ။ ကျောင်းကိုလာတဲ့အခါမှာလည်း စည်းကမ်းတကျပညာသင်နိုင်ဖို့ စိတ်ပါဝင်စားပျော်ရွှင်စွာနဲ့ သင်နိုင်အောင် အားလုံးဘက်စုံက ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ကာယ၊ ပန်းချီ စသည်ဖြင့် ဆရာကြီးတွေ၊ ပညာရှင်ကြီးတွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး အချိန်ဇယားဆွဲထားပါတယ်။ ဒီနှစ်စာသင်နှစ်မှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ဘက်စုံဖွံ့ဖြိုးရေးဘာသာရပ်အားလုံး သင်ကြားပေးမှာဖြစ်ပါတယ်"ဟု ဆိုသည်။

ယခု ၂၀၂၂–၂၀၂၃ ပညာသင်နှစ်တွင် Grade –5၊ Grade –8နှင့် Grade –11 သင်ရိုး သစ်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် လက်ရှိတွင် ဆရာ၊ ဆရာမများအတွက် သင်ရိုးသစ် TOT သင်တန်းများကို ဧပြီလအတွင်း ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

သဃ်္ဃန်းကျွန်းမြို့နယ် ပညာရေးမှူး ဦးသိန်းထွန်းကလည်း " ကျောင်းအပ်နှံရေး ရက်သတ္တပတ်ကာလ မတိုင်မီကတည်းက ကျောင်းတွေရဲ့ ကျောင်းဝင်းသန့်ရှင်းရေးအတွက် ရေနဲ့မီးလွှာ၊ ကျောင်းသုံးစာအုပ်တွေ အချိန်မီဖြန့်ဝေနိုင်ဖို့ကအစ သက်ဆိုင်ရာတာဝန်ရှိသူတွေက ဆောင်ရွက်ခဲ့ကြတယ်။ ကိုဗစ်က ပေါ့သွားပေမယ့် လုံးဝပျောက်သွားတာ မဟုတ်သေးဘူး၊ ဒါကြောင့် ကျောင်းတွေမှာ ခုံစီတာကအစ ကိုဗစ်စည်းကမ်းနဲ့အညီ ဆောင်ရွက်ထားတယ်၊ ဒါ့အပြင် ကျောင်းမဖွင့်ခင် သင်ကြားရေး ဆရာ ဆရာမတွေကိုလည်း Grade –5၊ Grade –8 စတာတွေကို ဗဟိုအဆင့်၊ တိုင်းအဆင့် မြို့နယ့်အဆင့်ဆင့် သင်ရိုးသစ် သင်တန်းတွေပေးရပါတယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်မှာ အထက ၅ ကျောင်း၊ အထက (ခွဲ) ၂ ကျောင်း၊ အလက ၅ ကျောင်း၊ မူလတန်း ကျောင်း ၃၅ ကျောင်း စုစုပေါင်း ၄၇ ကျောင်း ရှိပါတယ်၊ ကိုယ်ပိုင်ကျောင်း ၁၃ ကျောင်း၊ ဘက ၆ ကျောင်းရှိပါတယ်၊ ကျောင်းတက်ချင်တဲ့ ကလေးတွေကို ဇွန်လကုန်အထိ လက်ခံပေးပါတယ်။ ကလေးတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေးကအစ အစစအရာရာ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ပူးပေါင်းဆွေးနွေးစီမံ ဆောင်ရွက်ထား ရှိပါတယ်၊ ကလေးတွေ ကျောင်းတက်ကြပါ"ဟု ပြောသည်။

လက်ရှိတွင် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ကျောင်းအပ်နှံရေးသီတင်းပတ်ကို ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့အတိုင်း ကျောင်းတိုင်း လက်ခံကြပါတယ်။ ဒီနှစ်ကျောင်းအပ်နှံရေးဆောင်ပုဒ်ကတော့ ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ယူခွင့် ရရှိဖို့၊ ကျောင်းအပ်နှံကြစို့ဖြစ်ပါတယ်။ နှစ်တိုင်း ကျောင်းသားဟောင်းရော၊ ကျောင်းသားသစ်ရောလက်ခံပါတယ်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိရေးအတွက်ဆိုတဲ့အတိုင်း ပညာရေးဝန်ကြီးဌာနက ဝန်ထမ်းအားလုံး၊ ကျောင်းသားတွေအားလုံးကို လက်ခံပါတယ်။ ဒီနှစ်ဆို ၂၀၁၉–၂၀၂၀ ပြည့်နှစ်မှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ဖြစ်တဲ့ ကျောင်းသားအားလုံးလက်ခံပါတယ်။ ကျောင်းသားအသစ်တွေကိုလည်း လက်ခံပါတယ်။ ကျွန်မတို့ကျောင်းက မိန်းကလေး ကျောင်းဖြစ်တဲ့အတွက် ပဉ္စမတန်းအထိကို ယောကျ်ားလေးလက်ခံပြီး Grade–6 မှ Grade–12 အထိ မိန်းကလေးပဲ လက်ခံပါတယ်။ ကျောင်းမဖွင့်ခင်ကတည်းက ပညာရေးဝန်ကြီးဌာနရဲ့

*စာမျက်နှာ ၁၉ သို့*



ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(လသာ)၌ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ လာရောက်ကျောင်းအပ်နှံနေမှုကို တွေ့ရစဉ်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၅-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၃၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၁:၃၀** ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
**၁၃:၃၀** MRTV National News
**၁၅:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ကူးလူးဝတ်မှုံပန်းရနံ့'
**၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောဝိန်းပများ' (အပိုင်း-၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** 'Music Gallery-1' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
**၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'လျှာ'

**mitv**

**07:02** Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
**07:09** Don Min Artist
**07:30** Great Shwedagon - The Prayer Halls And Buddha Images (Part-1)
**07:56** Myanma Toddy Palm, A Source of Rural Income
**08:01** Dances of Myanmar: Kayah Traditional Flag Post Festival
**08:06** Star Bean Production
**08:25** Mahavihara: From Forest Monastery to Dhamma-Vinnya University (Part-1)
**08:46** Travelogue: Chaung Tha at its peak period
**09:01** News
**09:26** Global Partnership for Brighter Future: Mozambique Pavilion at Expo 2020 Dubai
**09:33** Myanmar Paper Toys
**09:39** Chef Life: Shaul Ben-Aderet (Israel)

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ချောင်သာကမ်းခြေသို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ပန်းလိုမွှေး၍စွမ်းသည့်ဆေး
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)** တီဘီရောဂါအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** နာခေါင်းပုလွေမှုတ်
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ငါးနှပ်မရမ်းပြားမွှန်ချက်
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ဝါးထဲကပိုး
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ခေါက်ဆွဲချပ်ပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ကြက်ဆန်လှော်
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကော်ယော်မိုနဒေသသို့
**ပအိုဝ်း (၂၂:၀၀ မှ ၂၃:၀၀)** သံတောင်ဒေသလက်ဖက်စိုနှင့် လက်ဖက်ခြောက်ပြုလုပ်နည်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** မြေဆီဓာတ်ခွဲသေတ္တာအကြောင်း သိကောင်းစရာ
**၀၆:၄၅** ကလောမြို့နယ်မှဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာများ
**၀၈:၀၀** ကျေးလက်ကွန်ရက်
**၀၈:၂၀** ဝါအထွက်တိုးဖို့မျိုးကောင်းမျိုးသန့်သုံးစွဲစို့
**၀၉:၁၀** သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၅) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၅-၅-၂၀၂၂) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် (၁၄-၃-၂၀၂၂) နေ့မှ (၁၃-၅-၂၀၂၂) နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ အထွေထွေ ၁၄ ဦး ပေါင်း ၁၅ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ လေးဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၁၆၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၅၁ ဦး အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

*စာမျက်နှာ ၁၈ မှ*

ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ကြပါတယ်။ အခမဲ့ပညာရေးလည်းဖြစ်တဲ့အတွက် အခမဲ့ကျောင်းသုံးဖတ်စာအုပ်၊ ဘောပင်၊ ခဲတံ၊ မက်စ်၊ ဖေ့ရှီးတွေကိုလည်း ကလေးတိုင်း သတ်မှတ်အရေအတွက်အတိုင်း အခမဲ့ပေးပါတယ်။ ကျောင်းမဖွင့်ခင် လုပ်စရာကတော့ ဆရာမတွေကိုလည်း အတန်းပိုင်ဆရာမ၊ အတန်းမှူးခွဲဝေပြီး အချိန်ဇယား သစ်ရိုးသစ်ဆိုရင် မူလတန်းအောက်ဆိုရင် KG ကနေ Grade -3 အထိ စာသင်ချိန် ခုနစ်ချိန်နဲ့ တစ်ချိန်ကို ၃၅ မိနစ် အချိန်ဇယားဆွဲထားပါတယ်။ မူလတန်းအထက်ဆိုရင် စာသင်ချိန် ခုနစ်ချိန်နဲ့ တစ်ချိန်ကို မိနစ် ၄၀ ဆွဲထားပါတယ်။ အလယ်တန်းကနေ အထက်တန်းကို တစ်ချိန်ကို ၄၅ မိနစ်နဲ့ တစ်နေ့ ရှစ်ကြိမ် သင်ကြားပေးမှာဖြစ်ပါတယ်။ လက်ခံထားတာကတော့ အသက်ငါးနှစ်ပြည့်သူတိုင်း KG ဆိုတဲ့သူငယ်တန်းကို တက်ရောက်ခွင့်ရှိတယ်။ အသက်ခြောက်နှစ်ပြည့်သူတိုင်း Gradel -1 ကို တက်ခွင့်ရှိတယ်။ မနှစ်က အကြောင်းအမျိုးမျိုးကြောင့် အခုနှစ်မှာ လာရောက်တက်နိုင်ပါတယ်။ တက်ရောက်ပြီး ၂၀၁၉-၂၀၂၀ မှာ Grade -3 အောင်မြင်ထားရင် ဒီနှစ်ပညာသင်နှစ်မှာ Grade -4 ကို တက်ရောက်နိုင်ပါတယ်။ ကျောင်းအပ်နှံရေး သီတင်းပတ်မှာ မိဘတွေရော၊ ကျောင်းသား ကျောင်းသူတွေရော ကျောင်းအပ်နှံကြပါလို့ ပြောချင်ပါတယ်" ဟု (အထက-၂) စမ်းချောင်း ကျောင်းအုပ်ဆရာမကြီး ဒေါက်တာစန္ဒာမြင့်မြင့်မိုးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၂၂-၂၀၂၂ ပညာသင်နှစ်တွင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းလေးကျောင်းအပါအဝင် အခြေခံပညာကျောင်း ၂၇၅၈ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၂၃၀၊ ကိုယ်ပိုင်ကျောင်း ၂၇၃ ကျောင်းရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၅ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၂၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၃၅ ကျပ် | ၂၁၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၅၅ ကျပ် | ၂၁၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၀ ကျပ် | ၂၂၁၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၇၇ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၅ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၀၅၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၅၉ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၆၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၄ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၃၉ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၆၀၀ | ၄၅ | ၃၄၀၉၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၄၁၆ | ၁၁၁၇၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၁၀၁၅ | ၁၇၇၆၂၅၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၁၂၆ | ၃၁၅၀၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၂၁၁ | ၅၃၈၀၅၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၁၃၃ | ၆၄၁၈၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၅-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၅၅ | ၂၂၅၀ | ၂၂၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၂၀၅ | ၂၂၀၅ | ၂၂၁၀ | ၂၄၃၀ | ၂၅၈၅ |
| 95 Ron | ၂၂၄၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၂၉၀ | ၂၂၇၀ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၉၀ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၄၀ | ၂၆၅၀ |
| HSD (500 ppm) | ၂၂၂၀ | ၂၂၆၅ | ၂၂၆၀ | ၂၂၃၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၃၆၅ | ၂၃၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၂၅ | ၂၇၄၀ |
| HSD (50 ppm) | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၈၀ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၀ | ၂၇၇၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၅၅ | ၂၂၉၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၈၀ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၅ | ၂၂၉၅ | ၂၃၃၀ | ၂၃၃၀ | ၂၃၃၅ | ၂၅၅၀ | ၂၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၃ | ၂၀၉၇ |
| 95 Ron | ၂၁၃၃ | ၂၂၀၉ |
| HSD (500 ppm) | ၂၁၁၅ | ၂၁၈၇ |
| HSD (50 ppm) | ၂၁၄၃ | ၂၂၁၅ |
| HSD (10 ppm) | ၂၁၄၃ | ၂၂၁၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဟောင်း ဦးဟံထွန်း၊ ရန်ကုန်မြို့တော်ဝန်ဟောင်း ဦးမောင်မောင်စိုး၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးစိုးလွင်၊ အတွင်းရေးမှူးဟောင်း ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူးဟောင်း ဦးသန်းနှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဦးဇင်မင်းအောင် တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် မေ ၂၆

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များအပေါ် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။**

စစ်ဆေးတွေ့ရှိချက်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဟောင်း ဦးဟံထွန်းနှင့် ရန်ကုန်မြို့တော်ဝန်ဟောင်း ဦးမောင်မောင်စိုး၊ ဒုတိယ မြို့တော်ဝန်ဟောင်း ဦးစိုးလွင်၊ အတွင်းရေးမှူးဟောင်း ဒေါ်လှိုင်မော်ဦး နှင့် တွဲဖက်အတွင်းရေးမှူးဟောင်း ဦးသန်း တို့သည် ကော်မတီတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခဲ့သော ဖက်စပ်ကုမ္ပဏီ၏ စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်နိုင်ရန် ဒဂုံမြို့သစ် မြို့နယ်အတွင်းရှိ မြေကွက် နှစ်ကွက် ငါးဧက ကျော်ကို ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် နှစ် ၆၀ မြေငှားစာချုပ် ဂရန်ထုတ်ပေးခဲ့ရာ၌ ပြည်တွင်းအခွန်များ ဦးစီးဌာန၏ သတ်မှတ်ဈေးနှုန်း တစ်စတုရန်းပေလျှင် ငွေကျပ် ၂၀၀၀၀ ခန့် နှုန်းဖြင့် တွက်ချက်ခြင်းမပြုဘဲ တစ်စတုရန်းပေလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ပေးသွင်းစေရန် ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် ငွေကျပ်သန်း ၄၂၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဟောင်း ဦးဟံထွန်း၊ မြို့တော်ဝန်ဟောင်း ဦးမောင်မောင်စိုး နှင့် တွဲဖက်အတွင်းရေးမှူးဟောင်း ဦးသန်း တို့သည် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စီးပွားရေး အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ဖက်စပ်ကုမ္ပဏီ၏အမည်ဖြင့် စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ရန် ဒဂုံမြို့သစ်မြို့နယ်အတွင်းရှိ မြေဧရိယာ ၆၃ ဧကကျော်ကို ၂၀၁၉ ခုနှစ်အတွင်း နှစ် ၆၀ မြေငှားဂရန် ထုတ်ပေးခဲ့ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာန၏သတ်မှတ်ဈေးနှုန်း တစ်ဧကလျှင် ငွေကျပ် သိန်း ၁၀၀၀ နှုန်းဖြင့် တွက်ချက်ခြင်းမပြုဘဲ တစ်စတုရန်းပေလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ပေးသွင်းစေရန် ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် ငွေကျပ်သန်း ၈၀၀ ကျော် နစ်နာခဲ့ကြောင်း၊ ထို့ပြင် ၎င်းဖက်စပ်ကုမ္ပဏီပိုင်မြေကို ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်အမည်ဖြင့် ဂရန်ပြောင်းလဲပေးရန် ခွင့်ပြုခဲ့ပြီး ၎င်းက အခြားပုဂ္ဂလိကကုမ္ပဏီ တစ်ခုသို့ ကျပ်သန်း ၆၅၇၀ ဖြင့် ပြန်လည်ရောင်းချခဲ့ခြင်းကြောင့် အဆိုပါမြေ ၆၃ ဧကကျော် ဆုံးရှုံးခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မြို့တော်ဝန်ဟောင်း ဦးမောင်မောင်စိုးနှင့် တွဲဖက် အတွင်းရေးမှူးဟောင်း ဦးသန်း တို့သည် ကော်မတီတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ကုမ္ပဏီတစ်ခုတို့ အကျိုးတူဆောင်ရွက်ခဲ့သော ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်းနှင့် ပတ်သက်၍ ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ နှစ်များအတွင်း ခတ်သတ္တု တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်ပါ လိုက်နာဆောင်ရွက်ရမည့် အချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်း၊ စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ ကျောက်မီးသွေးတစ်တန်၏ တွင်းဝဈေးနှုန်းကို မူလသတ်မှတ်ဈေး ငွေကျပ် ၇၇၀၀၀ ကျော်မှ ငွေကျပ် ၄၂၀၀၀ သို့ လျှော့ချခွင့်ပြုပေးခဲ့ခြင်း၊ လျာထားထုတ်လုပ်မှုကိုလျှော့၍ ထုတ်လုပ်ရန် ခွင့်ပြုပေးခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်ကရရှိမည့် ဘဏ္ဍာငွေကျပ်သန်း ၅၅၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မြို့တော်ဝန်ဟောင်း ဦးမောင်မောင်စိုး၊ ဒုတိယ မြို့တော်ဝန်ဟောင်း ဦးစိုးလွင်၊ အတွင်းရေးမှူးဟောင်း ဒေါ်လှိုင်မော်ဦးနှင့် တွဲဖက်အတွင်းရေးမှူးဟောင်း ဦးသန်း တို့သည် ကော်မတီတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနက ပန်းဥယျာဉ်များရှိ လုပ်ငန်း ၂၁ ခုကို ကုမ္ပဏီများသို့ ငှားရမ်းစာချုပ် ချုပ်ဆိုခဲ့ရာတွင် ငှားရမ်းခနှုန်းထားများသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ သတ်မှတ်ငှားရမ်းခနှုန်းထားနှင့်အညီ သတ်မှတ်ငှားရမ်းခြင်းမရှိဘဲ ဈေးနှုန်း လျှော့ချငှားရမ်းခဲ့ခြင်းအပေါ် ခေတ်ကာလနှင့်လျော်ညီသည့် ငှားရမ်းခနှုန်းထားအတိုင်း သတ်မှတ်ကောက်ခံရန် စာရင်းစစ်ချုပ်ရုံးက အကြံပြုခဲ့သော်လည်း လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့် နိုင်ငံတော်အနေဖြင့် တစ်နှစ်အတွက် ငှားရမ်းခ ငွေကျပ် သန်း ၂၁,၀၀၀ ကျော် နစ်နာခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြို့တော်ဝန်ဟောင်း ဦးမောင်မောင်စိုး၊ ဒုတိယ မြို့တော်ဝန်ဟောင်း ဦးစိုးလွင်၊ အတွင်းရေးမှူးဟောင်း ဒေါ်လှိုင်မော်ဦးနှင့် တွဲဖက်အတွင်းရေးမှူးဟောင်း ဦးသန်း တို့သည် ကော်မတီတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ဆောင်မှု ကုမ္ပဏီတစ်ခုတို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် မြို့တော်အသံလွှင့်လုပ်ငန်း (City FM) တွင် တာဝန်ထမ်းဆောင်သော ဝန်ထမ်း၏လစာစရိတ်ကို စာချုပ်တွင် နှစ်ဦးနှစ်ဘက် ညှိနှိုင်းကျခံရမည်ဖြစ်သော်လည်း နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့၍ စာရင်းစစ်ချုပ်ရုံးမှ ပြုပြင်နိုင်ရေး အကြံပြုကန့်ကွက်ခဲ့ခြင်းအပေါ် ပြင်ဆင်ဆောင်ရွက်မှု မရှိခဲ့သဖြင့် ၂၀၁၈ ခုနှစ် ဇူလိုင်လမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများ၏ လစာစရိတ်များအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေကျပ် သန်း ၇၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

စစ်ဆေးပေါ်ပေါက်ချက်များအရ တာဝန်ရှိသူများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဟောင်း ဦးဟံထွန်းနှင့် ရန်ကုန်မြို့တော်ဝန်ဟောင်း ဦးမောင်မောင်စိုး တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးစိုးလွင်၊ အတွင်းရေးမှူးဟောင်း ဒေါ်လှိုင်မော်ဦး၊ တွဲဖက်အတွင်းရေးမှူးဟောင်း ဦးသန်း နှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင် ဦးဇင်မင်းအောင် တို့ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ အရ လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့မရဲစခန်း၌ ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်ပြီး တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၅၀ ဖမ်းဆီးရမိ


**နေပြည်တော်   မေ   ၂၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၅၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၇ ရက် ညနေ ၃ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးရပ်ကွက် ဇောတိက (၃) လမ်းရှိ ဇော်မင်းစိုး၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ကျော်ကျော်အောင်၊ ဝင်းထွန်း၊ လှစိန်မောင်၊ ချစ်ဦးမောင်၊ ဇင်မင်းကို၊ လွင်မင်းထိုက်နှင့် သက်ပိုင်ဦးတို့ ခုနစ်ဦးနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်းနှင့် မြန်မာငွေကျပ်သိန်း ၁၅၀ တို့ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ည ၁၂ နာရီတွင် မင်္ဂလာဒုံမြို့နယ် ပုလဲ (၃) ရပ်ကွက် စံပယ်လမ်းရှိ ဇော်မင်းစိုးက ကျော်ကျော်အောင်အမည်ဖြင့် ငှားပေးထားသည့် နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၄၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၅၀ သိမ်းဆည်းရမိခဲ့ကြောင်း။

ကွင်းဆက်အရ မေ ၁၈ ရက် နံနက် ၁၀ နာရီတွင် မြိတ်မြို့ မြိတ်တောင်နယ်မြေ ဇေယျာသီရိ (၃) ရပ်ကွက် ခူဒိုင်လမ်းနေ မမီးငယ်စိုး (ခ) သီတာစိုး ကို မြန်မာငွေကျပ် ၈၅ သိန်းနှင့်လည်းကောင်း၊ ပြည့်စုံနှင့် ကျော်သူတို့အား HINO ခြောက်ဘီး မော်တော်ယာဉ်တစ်စီး၊ မြန်မာငွေကျပ်သိန်း ၄၀ တို့ နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်မြို့သို့ သယ်ဆောင်ပြီး ဖမ်းမိနေအိမ်များ၌ သိုလှောင်၍ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ သယ်ဆောင်ရောင်းဝယ်ကြောင်းနှင့် သယ်ဆောင်ရောင်းဝယ်သူ ဇော်မင်းစိုးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ပုလောမြို့နယ် နတ်အိမ်တောင်ကျေးရွာရှိ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၏ နေအိမ်များအား အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော်   မေ   ၂၆**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် နတ်အိမ်တောင်ကျေးရွာရှိ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၏ နေအိမ် သုံးလုံးအား ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၃၀ ခန့်တွင် အကြမ်းဖက်သမားအင်အား ၅၀ ခန့်က လာရောက်မီးရှို့သွားခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန်သွားရောက်စဉ် နတ်အိမ်တောင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ ပုလောကုန်းကျေးရွာအနီးသို့ အရောက်၌ အကြမ်းဖက်သမား အင်အား ၅၀ ခန့်က လက်နက်ကြီး/လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ပူးပေါင်းအဖွဲ့က ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားသည့် နေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လိုက်လံ၍ အကြမ်းဖက်နှိမ်နင်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးထားသည့် ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၏ နေအိမ်များ။

# တရားမဝင် လုပ်ငန်းသုံးဓာတုကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်ဖမ်းဆီးရမိ

**နေပြည်တော်   မေ   ၂၆**



တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၉၄၂၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော ကုန်တင်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ဓာတုကုန်ကြမ်းပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၀၀၀၀) ကို **(အပေါ်ပုံ)** ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်-ဘားအံ ကားလမ်း၊ မော်လမြိုင် စက်မှုဇုန်အနီး၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တီဗွီ (အဟောင်း) ၁၁ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၂၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၄ ရက်နှင့် ၂၅ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ သုံးမှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၃၁၀၄၂၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်နယ်ကုသရေးဦးစီးဌာန
## ချင်းပြည်နယ်၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်ကုသရေးဦးစီးဌာနအောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသနေသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် (FDA အသိအမှတ်ပြု)ဆေးနှင့်ဆေးပစ္စည်းများ Primary, Secondary and Tertiary ဆေးနှင့်ဆေးပစ္စည်းများ ကင်ဆာဆေးဝါးများအပါအဝင် Speciality ဆေးဝါးများ Consumable For Speciality & IHO ခွဲစိတ်ခန်း နှင့်ခွဲစိတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ Basic Consumableများ မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းများနှင့် ဆေးနှင့်ဆေးပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ချင်းပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၇-၅-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၆-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံး၊ ဟားခါးမြို့**
**ဖုန်း-၀၇၀-၂၁၅၈၉**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူသော လူနာများအတွက် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းနှင့်ခွဲစိတ်မှန်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ Consumable များ ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၆-၆-၂၀၂၂ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၆-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၃:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များအား အသေးစိတ်သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အရိုးရောဂါအထူးကုဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၂၈၄၇၆၁၃**

---

## အနန္တဂုဏ်ရည်ကျောင်းတိုက်
## ဝိပဿနာတရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (ထန်းပင်ကုန်း၊ ပိတောက်မြိုင်)ရှိ အနန္တဂုဏ်ရည် ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တရားစခန်းကို လေးမျက်နှာမြို့နယ် ပဏ္ဍိတာရာမဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ဆရာတော်ကြီးမှ ဦးဆောင်ပြီး သတိပဋ္ဌာန် အလုပ်ပေး တရားကျင့်စဉ်များကို **(၁၃၈၄ခုနှစ် နယုန်လပြည့်ကျော် ၅ ရက် မှ ၁၃ရက်နေ့အထိ) ၁၈-၆-၂၀၂၂ရက် မှ ၂၆-၆-၂၀၂၂ရက်အထိ** ဟောကြားပြသပေးမည်ဖြစ်ပါသည်။ တရားစခန်း ဝင်လိုသော ယောဂီများ ကြိုတင်စာရင်းပေးပြီး ဝင်ရောက်တရားအားထုတ်နိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။ (တရားစခန်းဝင်ကြေးမရှိပါ။)

တရားစခန်းဝင်မည့်ယောဂီများ **(၁၈-၆-၂၀၂၂)ရက် ညနေ ၄နာရီ** အရောက်သတင်းပို့ကြပါရန်-

အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုရည်များ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါသည်။

**ဆက်သွယ်ရန်-**
**ဦးထွန်းဟန်(ဖုန်း-၀၉-၄၃၀၅၇၅၉၉)**

---

## အမည်ပြောင်း

မန္တလေးမြို့၊ ၆၆(A)လမ်း၊ ၁၀၃x၁၀၄ ကြား၊ ချမ်းမြသာစည် မြို့နယ်နေ ဦးရာဇာဖြိုး-ဒေါ်အိအိငြိမ်းတို့၏သမီး မချမ်းမြင့်မိုရ်အား မထက်ထက်နေခြည်ဟု ပြောင်းလဲခေါ်ပါရန်။

**မထက်ထက်နေခြည်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဘွမ်ခရမ်တူးရိုင် ၁/မကန(နိုင်) ၁၇၄၄၈၉၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၉၈၅၇၄၀၀**

## အမည်ပြောင်း

(ဘ)ဦးဇင်မင်းဦး ၈/မဘန(နိုင်) ၀၇၅၇၀၂၏သား၊ မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ အမက(မြောက်ရပ်) Grade-5၊ မောင်ဇာနည်ထွန်းအား မောင်ထက်မြက်ဟိန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထက်မြက်ဟိန်း**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ကိုင်လိန် ၁/မကန(နိုင်) ၁၁၉၉၄၃၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၉၈၅၇၄၀၀**

## အမည်ပြောင်း

မိတ္ထီလာမြို့၊ အမက (ရထပ-၁)၊ Grade-2 မှ ဦးကျော်သူရဇော် ၉/မထလ(နိုင်)၂၇၃၃၄၈၏သမီးဖြစ်သူ မမြတ်စန္ဒီဇော်အား ယနေ့မှစ၍ မမေကျော့ခိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမေကျော့ခိုင်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဒိုင်ခေါင် ၁/မကန(နိုင်) ၀၉၅၈၅၉၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၀၉၁၂၀၀**

---

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၇)၊ မြေကွက်အမှတ်(၈၅၄)၊ မြေဧရိယာ (၅၀ ပေ x ၅၀ ပေ ) အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသော (အလျား ၂၅ ပေ x အနံ ၅၀) အကျယ်အဝန်းရှိခြေရင်းဘက်အခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၅၄-ခ)၊ အောင်မင်္ဂလာလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အုတ်ညှပ် တစ်ထပ်တိုက် အဆောက်အအုံ(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မူလအမည်ပေါက်ပိုင်ရှင် ဗိုလ်မှူးတင်ဝင်း(ဘ) ဦးကြင် ၉/မထလ(နိုင်)၀၄၁၇၂၁ ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ နှစ်(၆၀)မြေငှားဂရန်မိတ္တူ ကိုင်ဆောင်ထားပြီး ယနေ့တိုင် နေထိုင်အသုံးပြုလျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးထွန်းထွန်းဝင်း (ဘ)ဦးချစ်ခင် ၁၂/ဗဟန(နိုင်)၀၇၈၂၇၆ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၂၊ ၂-လမ်း၊အရှေ့ကြို့ကုန်း** | **အမှတ်-၁၂၂၊ ၂-လမ်း၊အရှေ့ကြို့ကုန်း** |
| **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

---

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၄ နှင့်ဆက်နွယ်သည့်
## ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၂

| | | |
|---|---|---|
| ဦးစီဟန်(ခ)ဦးမြင့်ဝင်း | **နှင့်** | ဒေါ်မိုးမိုးသန်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ၃၇လမ်း၊ ၆၀x၆၁လမ်းကြား၊ ကားကြီးကွင်းလမ်းဘေး၊ တိုက်ခန်းအမှတ်(စီ-၄)နေ ဒေါ်မိုးမိုးသိန်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၄တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစီဟန်(ခ)ဦးမြင့်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဇွန်လ ၆ရက် (၁၃၈၄ခုနှစ် နယုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ခုနှစ် မေလ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းစမ်းရီ)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

---

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုံကုန်းလမ်း မြေတိုင်းရပ်ကွက်အမှတ် (7/E)၊ မြေကွက်အမှတ် (၁၀-ခ)တွင်တည်ရှိသော ဧရိယာ (787.5)Sqft၊ အလျားxအနံ (၂၀x၃၅) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော (၂)ထပ်နေအိမ်အပါအဝင် ရေမီးအစုံစသည်ဖြင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးပါဝင်သော အိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါအိမ်ခြံမြေနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်အဆက်အစပ်များဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ စောသိန်းအောင် ၁၂/ဗဟန(နိုင်)၀၄၀၉၁၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မစိုးသူဇာနိုင် ၁၂/အစန(နိုင်)၁၈၁၂၈၀၀မှ အပြီး အပြတ်ဝယ်ယူရန်အတွက် ၂၁-၅-၂၀၂၂ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချမ်းမြေ့ဦး (တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၁၂၅၁၄) (၁၆-၅-၂၀၁၇)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၂၆၂၄၅၈၃၉၊ ၀၉-၄၃၁၈၉၅၉၄**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မတ္တရာမြို့နယ်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၉၅

| | | |
|---|---|---|
| မစုဒါလီ | **နှင့်** | ကိုကျော်မျိုးသူ |
| **တရားလို** | | **တရားပြိုင်** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ ညောင်ပင်ကြီးတောကျေးရွာရပ်နေ ကိုကျော်မျိုးသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ မစုဒါလီက လင်မယားအရာမှ ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇွန် ၆ရက် (၁၃၈၄ ခုနှစ် နယုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မေ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ထက်အောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မတ္တရာမြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀

| | | |
|---|---|---|
| ဒေါ်ရွှေရင် | **နှင့်** | တပ်သားတင်မောင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဆဆ-၁၂/၂၅) အောင်ပင်လယ်ကွက်နေ တပ်သားတင်မောင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ရွှေရင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဆဆ-၁၂)၊ ဦးပိုင်အမှတ်(၂၅)၊ အောင်ပင်လယ်ရပ်ကွက်၊ ဧရိယာ(၀ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးစေလို မှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဇွန်လ ၃ရက်(၁၃၈၄ခုနှစ် နယုန်လဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မေလ ၂၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးဆွေ)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3L/6757 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းမြင့် ၈/မကန(နိုင်)၀၅၁၃၂၆က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/5003 ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးညီညီ ၉/ညဥန(နိုင်)၁၆၃၂၀၁က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၄၉

| | | |
|---|---|---|
| ဒေါ်ရွှေရင် | **နှင့်** | ဒုအရာခံဗိုလ်လွှမ်းဝေ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (ဆဆ-၁၂/၅) အောင်ပင်လယ်ကွက်နေ ဒုအရာခံဗိုလ်လွှမ်းဝေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

